
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သူရ

ရှိန်းဆာယာ

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ် (၅၉) ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၅၅၇၃)၊ စေတနာ Offset

အမှတ် (၈၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅- ၈၃

မင်းမြတ်သူရ

ရှိန်းဆာယာ၊ မင်းမြတ်သူရ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၂၄-စာ၊ ၅×၇

(၁) ရှိန်းဆာယာ

BURMESE CLASSIC .com

# မင်းမြတ်သူရ

# ရှိန်းဆာယာ

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

တစ်ခုသော နွေရာသီ၌ အရေးပိုင်ဦးသာဒွန်းနှင့် မယားဖြစ်သူ မမြမှုသည် နေအိမ် ခြံဝန်းအတွင်းရှိ သစ်ရိပ်အောက်တွင်ထိုင်ပြီး ရေခဲစိမ့်ဘီလပ်ရည်တစ်လုံးစီ သောက်ကာ ချမ်းသာသူတို့ ထုံးစံအတိုင်း ဇိမ်ကျနေလေ၏။

အရေးပိုင်ဦးသာဒွန်းကတော် မမြမှုသည် ဦးသာဒွန်းထက်အသက်ပိုမို ငယ်ရွယ်ပြီး ချောမောလှပသူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မမြမှုသည်ဆင်းရဲနွမ်းပါးသော အမျိုးအနွယ်မှ ဆင်းသက်လာပြီး ရှေးဘဝကုသိုလ်ကြောင့် အရေးပိုင်မင်းနှင့် ရပြီးမှ လူကိုလူလို မထင်တော့ဘဲ အဆင့်အတန်းခွဲခြားပြီး ဆက်ဆံတတ်လေ၏။

အထူးသဖြင့် မမြမှုသည် ဆင်းရဲနွမ်းပါးသူတို့ အပေါ် ပိုမိုပြီးအဆင့်အတန်းခွဲခြားကာ ဆက်ဆံတတ်လေ၏။

စိတ်သဘောထား ကောင်းမွန်သော အရေးပိုင်မင်းကမူ မမြမှုနှင့် တစ်ခြားစီဖြစ်ပြီး သူတစ်ပါးအပေါ် ညှာတာ ထောက်ထားတတ်လေ၏။

အရေးပိုင်မင်းသည် ကိတ်မုန့်ကိုဘိလပ်ရည်အေးအေးနှင့် မျောချရင်း သူကြီးဂေဇက် သတင်းစာကိုဖတ်ရှုနေလေ၏။

မမြမှုကမူ အပျင်းပြေ ဇာပန်းထိုးနေလေ၏။

ထိုအခိုက်မှာပင် မြို့ပိုင်မင်း၏ ကြီးကျယ်ခမ်းနားသော





ခြံကြီးအတွင်းသို့ ဘူးသီးခြောက်ရေဘူးနှင့် တောင်ဝှေး တစ်ချောင်းကို ကိုင်ဆောင်ထားသော ကုလားဘုန်းကြီး တစ်ပါး ဝင်ရောက်လာပြီး ဘုန်းကြီးက

"ကျုပ် ခရီးဝေးကလာတဲ့အတွက် အင်မတန် ဆာလောင် မွတ်သိပ်နေပါတယ်၊ ဒါကြောင့် သင်တို့ဆီမှာ အစား အသောက် နည်းနည်း အလှူခံချင်လို့ပါ"

ဟုပြောဆိုလိုက်လေ၏။

ထိုအခါ လူလူချင်း အဆင့်အတန်း လွန်စွာ ခွဲခြားသော မမြမှုက ကုလားဘုန်းကြီးကို ရွံရှာဟန်နဲ့ကြည့်ပြီး

"အောင်မယ်..ရာရာစစ ဘယ်ကသူတောင်းစားက ငါ့ခြံထဲဝင်ပြီး အလှူခံရတာလဲ၊ ဟဲ့ သူတောင်းစား..ဒီခြံက နင့်အမေလင် ခြံမဟုတ်ဘူးဟဲ့..အရေးပိုင်မင်းခြံသိရဲ့လား၊ ခြံထဲဝင်ပြီး တောင်းချင်ယောင်ဆောင်ပြီး ခိုးဝှက်မယ်



www.burmeseclassic.com

www.burmeseclassic.com



မကျန်နဲ့၊ တစ်ခါတည်းပုလိပ်လက်အပ်လိုက်လို့ မလကီးယား သွားမယ်""

ဟုရိုင်းပြစွာ ပြောလိုက်လေ၏။

ထိုအခါ အရေးပိုင်မင်းက ဝင်ပြီး

"ဘယ်လိုပြောလိုက်တာလဲ မြမြရယ်.. ဒါသူတောင်းစားမဟုတ်ဘူးကွယ့်...ဆာဒူး ဘုန်းကြီးလို့ခေါ်တယ်၊ ကိုကို အိန္ဒိယမှာနေတုန်းက သူတော်စင်ဆာဒူးကြီးတွေ အများကြီး မြင်ခဲ့ဘူးတယ်""

ဟုပြောရင်း ဆာဒူးကြီးကို လက်အုပ်ချီကာ

"စိတ်မရှိပါနဲ့ ဆာဒူးကြီး"

ဟုတောင်းပန်လိုက်လေ၏။

နေဂုဏ်မောက်နေသော မမြမူကမူ အရေးပိုင်မင်း၏ စကားကို နားဝင်ဟန် မရှိဘဲ



BURMESE CLASSIC .com



"အို..ကိုကိုက သူတောင်းစားဘက်က ရှေ့နေလိုက်နေပြန်ပြီ၊ ဒီကောင်တွေ အကြောင်းကို မြ ကောင်းကောင်း သိတယ်၊ ခြံထဲမှာ ဘယ်သူမှမရှိဘူး ထင်ပြီး အလစ်သုတ်မလို့ဝင်လာတာ၊ ဟဲ့ကောင် လူမိမှ သူတော်ကောင်း ဟန်ဆောင်ပြီး အလှူခံပြမနေနဲ့၊ နင်တို့အကြောင်းကို ငါကောင်းကောင်း သိတယ်၊ ပုလိပ်လက် မအပ်မီ အမြန်ဆုံးထွက် သွားစမ်း"

ဟုရိုင်းပြစွာ မောင်းနှင်ထုတ်လေ၏။

ထိုအခါ ကုလားဘုန်းကြီးက ခေါင်းခါယမ်းလိုက်ပြီး

"သင်ဟာ သူတော်စင်ကို စော်ကားတဲ့ အပြစ်ကို ကျူးလွန်နေပြီ၊ ဒီအပြစ်ဒဏ်ကို သင်ခံရတော့မယ်"

ဟုပြောလိုက်ရာ မာန်မာန ထောင်လွှားသော မမြမူက

"ရာရာစစ နင်လို သူတောင်းစားကများ ငါ့ကို အပြစ်



www.burmeseclassic.com

www.burmeseclassic.com



ဒက်ခံနိုင်းနေတယ်၊ ငါ့ခြံထဲက ထွက်သွားစမ်း"

ဟုမောင်းနှင်ထုတ်လိုက်ပြီး အနီး၌ကြိုးချည်ထားသော အင်းခွေးကြီးနှစ်ကောင်ကို ကြိုးဖြည်ပေးရန် ပြင်လိုက်ရာ အရေးပိုင် ဦးသာဒွန်းသည် မမြမူ၏ ရိုင်းပြမှုကို လက်ပိုက်ကြည့် မနေ နိုင်တော့ဘဲ

"မြမြဒီလိုမလုပ်ပါနဲ့ကွာ..သွေးထွက်သံယိုတွေဖြစ်ကုန်မယ်၊ သတိထားပါကွာ.."

ဟုတားဆီးလေ၏။

မမြမူကမူ အရေးပိုင် စကားကို နားမဝင်ဘဲ ဆာဒူးဘုန်းကြီးကို လက်ညှိုးညွှန်ပြပြီး

"ရှူး..ရှူး..."

ဟုအော်ဟစ်လိုက်လေ၏။

ထိုအခါ လွန်စွာ အကိုက်ကြမ်းသောကြောင့် အချိန်





ပြည့်ကြိုးချည်ထားရသော အင်းခွေးကြီး နှစ်ကောင်သည် ဆာဒူးဘုန်းကြီးကို ကိုက်ဝံ့ဟန်မရှိဘဲ အမြီးကုတ်ပြီး မြေပေါ်တွင် ဝပ်တွားနေလေ၏။

မြမြသည် အင်းခွေးကြီးများကို အားကိုးမရသည်နှင့် ခြံထဲတွင် ရှိသော အခိုင်းအစေလူများကို အော်ဟစ်ခေါ်ပြီး ဆာဒူးဘုန်းကြီးကို အိမ်ထဲမှ ဆွဲထုတ်ခိုင်းလေ၏။

အစေခံများ ရောက်လာပြီးဆာဒူးကြီးကို ဆွဲထုတ်ရန် ပြင်သောအခါ ဆာဒူးကြီးက

"သင်ဟာ သူတော်စင်ကိုအကြိမ်ကြိမ် စော်ကား နေပြီ၊ ဒါကြောင့် ကျိန်စာ သင့်တော့မယ်"

ဟုလေးနက်သော အမူအရာနှင့်ပြောလိုက်ရာ မမြမူက အံကိုကြိတ်ပြီး

" သူတောင်းစားကြီး ငါ့လို အရေးပိုင်ကတော်ကို



www.burmeseclassic.com

www.burmeseclassic.com



နင်ကကျိန်ဆဲနိုင်မှာလား"

လို့မထီလေးစား ပြောလိုက်လေ၏။

ထိုအခါ ဆာဒူးကြီးက မမြမှုကို မီးဝင်းဝင်း တောက်သော မျက်လုံးများဖြင့်ကြည့်ပြီး

"ကျွန်ုပ်ကိုယ်တိုင် သင့်ကို ကျိန်စာ တိုက်ရမယ်၊ သင်ဟာ ဘာမဟုတ်တဲ့နေရာလေးမှာ ပိုင်ဆိုင်ရတာကို အဟုတ်ထင်ပြီးမာနထောင်လွှားနေတယ်၊ စေတနာ သဒ္ဒါတရားမရှိတဲ့သူကို ကျွန်ုပ် အလှူခံလိုစိတ်မရှိတော့ပါဘူး၊ သင့်ရဲ့နှလုံးသားထဲမှာ မေတ္တာတရားခေါင်းပါးနေတယ်၊ စေတနာသဒ္ဒါတရားမဲ့တဲ့ သင့်ကို ကျွန်ုပ်ဆုံးမဖို့တာဝန် ဖြစ်လာပြီ၊ *ဒီနေ့ကစပြီး ကိုးရက်တိတိရှိတဲ့နေ့မှာ သင်တို့ တစ် မိသားစုလုံး ဒီနေ့ ကျွန်ုပ် ဆာလောင်သလို ဆာလောင် ပြီး သူတောင်းစားကိုယ်တိုင် ခွံ့ကျွေးတဲ့ ထမင်းကို စားပြီးမှ*





*ဗိုက်ပြည့်ပါစေသား....*"

ဟုကျိန်ဆိုလေရာ အရေးပိုင် ဦးသာဒွန်းသည် ဆာဒူးဘုန်းကြီး၏ကျိန်စာကြောင့် တုန်လှုပ်ချောက်ချားသွားလေ၏။

မမြမှုကမူ ဒေါသတကြီးဆဲဆိုပြီး ဆာဒူးဘုန်းကြီးကို ခြံထဲမှဆွဲထုတ်ခိုင်းလေ၏။

သူမသည် ဆာဒူးဘုန်းကြီး ခြံပြင်ရောက်သွားသည်အထိ တက် တခေါက်ခေါက်နှင့်

"ဘာမဟုတ်တဲ့ ကုလား သူတောင်းစားကများ ငါ့လိုလူကို ကျိန်စာတိုက်သွားသေးတယ်၊ လုံးဝ မကျေနပ်ဘူး"

ဟုဒေါသတကြီးပြောဆိုလေ၏။

အရေးပိုင်ဦးသာဒွန်းကမူ မာန်မာန ထောင်လွှားလွန်းသော မမြမှုကို တားဆီးရန် မကြိုးစားတော့ဘဲ အိမ်ထဲကိုသာ ဝင်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်မင်း၏ နားထဲတွင် ဆာဒူးဘုန်းကြီး ကျိန်စာ တိုက်သွားသော

*"ဒီနေ့ကစပြီး ကိုးရက်တိတိ ရှိတဲ့နေ့မှာ သင်တို့ တစ်မိသားစုလုံး ဒီနေ့ ကျွန်ုပ် ဆာလောင်သလို ဆာ လောင်ပြီး သူတောင်းစားကိုယ်တိုင် ခွံ့ကျွေးတဲ့ ထမင်း ကို စားပြီးမှ ဇိုက်ပြည့်ပါစေသား..."*

ဆိုသော စကားကို အဖန်ဖန် ကြားယောင်နေပြီး တုန်လှုပ်ချောက်ချားနေလေ၏။

မာန်မာန ထောင်လွှားသော မမြမှုကမူ သူတောင်းစား တစ်ယောက်က ကျိန်စာတိုက်သွားခြင်းကို တနုံ့နုံ့တွေးကာ မကျေမချမ်း ဖြစ်နေပြီး နောက်ဆုံး မကျေနပ်ချက်ကို မထိမ်း ချုပ်နိုင်တော့ဘဲ အနီးရှိ အခိုင်းစေများကို ခေါ်ပြီး

"ဟဲ့ကောင်တွေ ..သူတောင်းစားကြီးကို လိုက်ရှာစမ်း





ပြီးရင် ငါ့ဆီကို မြန်မြန်ပြန်ပြီး အကြောင်းကြား"

ဟုဆိုလိုက်ရာ အခိုင်းစေများသည် မြို့အနှံ့လူစုခွဲပြီး ရှာဖွေကြလေ၏။

ခဏအကြာတွင် အစေခံတစ်ဦးသည် မြို့ပြင်ရှိ အရိပ် အာဝါသကောင်းသော ဇရပ်ပျက်ကြီး၌ ဆာဒူးကြီး အနားယူ နေကြောင်းတွေ့ရသဖြင့် မမြမှုကိုပြန်လည် သတင်းပို့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမြမှုသည် ဆာဒူးကြီး၏ သတင်းကို ကြားသည်နှင့် ကောက်ကျစ်စွာ ပြုံးလိုက်ပြီး အနီးရှိ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ကာ ရာဇဝတ်အုပ်ထံသို့ ဆက်လိုက်၏။

ရာဇဝတ်အုပ်က

"အမိန့်ရှိပါ အရေးပိုင်မင်း"

ဟုဆိုလိုက်သောအခါ မမြမှုက

"အရေးပိုင်မင်း မဟုတ်ဘူး၊ ရာဇဝတ်အုပ်မင်းရဲ့





ကျွန်မပါ"

ဟုဆိုလိုက်ရာ ရာဇဝတ်အုပ်သည် အရေးပိုင်ထက် လက်စွမ်းထက်သော အရေးပိုင်ကတော်၏ ဖုန်းဖြစ်ကြောင်း သိသွားသဖြင့် ရင်ထိတ်သွားပြီး

"အမိန့်ရှိပါ အရေးပိုင်ကတော်"

ဟုပြောလေ၏။ မမြမှုက

"ဂျပန်စပိုင်လို့ယူဆရတဲ့ လူတစ်ယောက်ကို ကျွန်မ တွေ့လိုက်တယ်၊ ရှင်တို့ သူကို သေသေချာချာ စစ်ဆေးကြည့်ရင်ကောင်းမယ်"

ဟုဆိုလိုက်ရာ ဂျပန်စပိုင်ဟုဆိုသဖြင့် ရာဇဝတ်အုပ်မင်း သည် တုန်လှုပ်ချောက်ချားသွားပြီး

"ဗျာ...ဂျပန်စပိုင်ဟုတ်လား၊ အရေးပိုင်ကတော် ဘယ်မှာတွေ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုအလောတကြီး မေးမြန်းလိုက်လေ၏။

ထိုအခါ မမြမှုက

"သူက ဆာဒူးဘုန်းကြီးလို ဟန်ဆောင်ထားတာရှင့်၊ စောစောက ကျွန်မတို့ခြံထဲကို အရေးပိုင်ခြံမှန်းသိလို့ ထောက်လှမ်းချင်တဲ့ ရည်ရွယ်ချက်နဲ့ ဝင်ရောက်လာတယ်၊ ကျွန်မတို့ လက်ပူးလက်ကြပ်မိပြီး စစ်ဆေးကြည့်တော့ ရေရေရာရာ ပြန်မဖြေနိုင်ဘူး အင်မတန်သံသယရှိဖို့ ကောင်းတယ်၊ ဒါကြောင့်ရာဇဝတ်အုပ်မင်းတို့ သူ့ကိုဆက်ပြီး စစ်ဆေးကြည့်ဖို့ အကြောင်းကြားတာပါ"

ဟုဆိုလိုက်ရာ ရာဇဝတ်အုပ်သည် ဆာဒူးဘုန်းကြီးကို ဖမ်းဆီးစစ်ဆေးရန် အမိန့်ပေးလိုက်လေ၏။

ထိုအခါ ပုလိပ်များသည် မြို့ပြင်ဇရပ်၌ အေးဆေးစွာ နားခိုနေသော ဆာဒူးဘုန်းကြီးကို သွားရောက်ဖမ်းဆီးလေ၏။





ပုလိပ်များ၏ ဖမ်းဆီးခြင်းကိုခံရသောအခါ ဆာဒူးဘုန်းကြီးက

"ဒီနေ့ဒီရက်မှာ ဒီလိုဒုက္ခမျိုးခံစားရမယ်ဆိုတာ ကျုပ်ရဲ့ ကံကြမ္မာညွှန်ကြားချက်ထဲမှာပါပြီးသားပါ၊ ဒီအတွက် ကျုပ် တုန်လှုပ်ခြင်း မရှိပါဘူး"

ဟုဆိုကာ ပုလိပ်များ၏ ခေါ်ဆောင်ရာနောက်သို့ အေးဆေးစွာလိုက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်ကတော် မမြမှုသည် ဆာဒူးကြီးအား ပုလိပ်များ ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသောအခါ

"ငါ့ကို ကျိန်စာ တိုက်တဲ့ သူတောင်းစား... ပုလိပ်တွေ ညှင်းဆဲတဲ့အရသာကို ဘယ်လောက်ခံနေရပြီလဲ ဆိုတာ သွားကြည့်ဦးမယ်"

ဟုဆိုကာ ဒရိုင်ဘာအား ကားထုတ်ခိုင်းပြီး ပုလိပ်ဌာန





သို့ထွက်ခဲ့လေ၏။ ပုလိပ်ဌာနသို့ရောက်သောအခါ အချုပ်ခန်းထဲတွင် ဖမ်းဆီးထားသော ဆာဒူးကြီးအား သွားရောက်ကြည့်ရှုပြီး လှောင်ပြောင်သရော်သော အမူအရာဖြင့်

"ဘယ်လိုလဲ သူတောင်းစားကြီး...ငါ့ကိုကျိန်စာတိုက်တဲ့ အရသာကို နင်သိပြီ မဟုတ်လား၊ ဖားတုလို့ ခရုခုန်ရင် ဖင်ကျိုးရုံပဲရှိမယ် သိရဲ့လား"

ဟုဆိုလိုက်ရာ ဆာဒူးကြီးက ခေါင်းခါယမ်းလိုက်ပြီး

*"သင်ဟာ အလွန် မာန်မာန ထောင်လွှားပြီး ရိုင်းပြတဲ့ မိန်းမတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် သင့်ကို ကျိန်စာတွေ တစ်ခုပြီးတစ်ခု တိုက်ပြီး အပြစ်ဒဏ်ခတ်ရမယ်၊ သင်ဟာ နောက်တစ်နှစ် အတွင်းမှာ ရင်သွေးတစ်ယောက်ရလိမ့်မယ်၊ ဒါပေမဲ့ ရင်သွေးရပြီး ငါးနှစ်ပြည့်တဲ့ အချိန်မှာ သင့်ရဲ့ယောကျ်ားအရေးပိုင်ကိုယ်တိုင် သင့်ကို*



www.burmeseclassic.com

www.burmeseclassic.com



*မုန်းတီးရှုံ့ရှာပြီး အိမ်ပေါ်က မောင်းချတာခံရမယ်၊ သင့်ယောကျ်ား အရေးပိုင် လည်းရာဇဝတ်မှုခင်းဖြစ်ပြီး အလုပ်က ပြုတ်ရလိမ့်မယ်၊သင့်ရဲ့ သားဟာ အလွန် အရည်အချင်းနဲ့ပြည့်စုံတဲ့ ယောကျ်ားကောင်းတစ် ယောက် ဖြစ်ပေမဲ့ နောက်ဆုံးမှာ သူ့အချစ်ဆုံးသားက သူ့ကို ပြန်သတ်လိမ့်မယ်၊ ဒါဟာ သူတော်စင်ကို ရိုင်းပြ စော်ကားတဲ့ မိန်းမယုတ်တစ်ယောက်အတွက် အပြစ် ဒဏ်ပဲ"*

ဟုဆိုလိုက်ရာ မမြမှုသည် ဆာဒူးဘုန်းကြီး၏ ပြင်း ထန်သော ကျိန်စာကို မကြားဝံ့တော့သဖြင့် နားနှစ်ဖက်ကို လက်ဖြင့် ပိတ်ပြီး ပုလိပ်ဌာနမှထွက်ပြေးခဲ့လေ၏။





နောက်တစ်နေ့ ဆာဒူးဘုန်းကြီးနှင့် ပတ်သက်ပြီး ပြန်လည်ကြားသိရသည်မှာ ဆာဒူးဘုန်းကြီးသည် မည်သည့် မေးခွန်းကိုမှ မဖြေဘဲ ရေငုံနှုတ်ပိတ်နေသည်ဆို၏။

ဆာဒူးဘုန်းကြီး၏ အပြုအမူကို သည်းမခံနိုင်သော ပုလိပ်မောင်မြင့်ဆိုသူက ရိုက်နှိက်ညှင်းပန်းရန် ပြင်ဆင်နေ စဉ် မောင်မြင့်၏ ဗိုက်ထဲတွင် ရုတ်တရက် ထိုးအောင့်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကိုလက်ဖြင့်ဖိကာ

"အမလေး..ဗိုက်ထဲကအောင့်လိုက်တာဘာဖြစ်တာလဲ မသိဘူး""

ဟုဆိုကာ ဆေးရုံသို့ အမြန်ပြေးရကြောင်း၊ တိုက်တိုက်ဆိုင်ဆိုင်ပင် ဌာနအုပ်၏ သမီးလေးလည်း ရုတ်တရက် ဖျားနာပြီး ကိုယ်ပူရှိန် ပြင်းထန်လှသဖြင့် ဆရာဝန်ကြီးကို အမြန်ပင့်လိုက်ရကြောင်းကြားသိရလေ၏။

ထိုအချိန်မှစ၍ရာဇဝတ်အုတ်သည် ဆာဒူးဘုန်းကြီးကို ထိတ်လန့်တုန်လှုပ်ပြီး သက်သေမခိုင်လုံဟုဆိုကာ အချုပ်မှ ပြန်လည်လွှတ်ပေးလိုက်လေ၏။

ထိုအခါ အရေးပိုင်ဦးသာဒွန်းက ဇနီးဖြစ်သူကို ခေါ်ပြီး အကျိုးအကြောင်း ပြောကာ

"မြ..ဘာဖြစ်လို့ ဆာဒူးဘုန်းကြီးကို ဒီလို ဒုက္ခပေးရ





တာလဲကွာ၊ ကိုယ်မလှုချင်လို့ ခြံထဲက မောင်းထုတ်ပြီးပြီ၊ ပုလိပ်ဌာနမှာ သူ့ကိုအရိုက်ခိုင်းတာကတော့ သိပ်လွန်လွန်းသွားပြီ၊ သူဟာ သူတော်စင်တစ်ယောက်ဆိုရင် ကိုကိုတို့ အပြစ်ဒဏ် သင့်လိမ့်မယ်"

ဟုပြောဆိုလိုက်ရာ မြမြက မျက်နှာ ရှုံ့မဲ့ပြီး

"အမလေး... ကိုကိုဟာ ပညာတတ် တစ်ယောက် လုပ်နေပြီး ဒါတွေကို အယုံအကြည် ရှိနေတယ်၊ ပုလိပ်ဌာနမှာ ဖြစ်နေတာတိုက်ဆိုင်မှုတွေပါ၊ မြတော့ သူတို့စကားကို မယုံဘူး၊ ပုလိပ်တွေဟာ သူတောင်းစားကြီးကို ပေါ်အောင် မစစ်နိုင်လို့စိတ်ကူးယဉ်ပြီး လျှောက်ပြောတာနေမှာပါ"

ဟုငြင်းဆိုလိုက်လေ၏။

အရေးပိုင်မင်းကမူ အဝေးဆီသို့ငေးကြည့်ပြီး ခေါင်းခါယမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့ကခေတ်ပညာတတ် ဆိုပြီးလောကီပညာကို မယုံလို့မရဘူးကွ၊ အင်မတန် အစွမ်းထက်တဲ့ လောကီပညာသည် တော်တော်များများကို အိန္ဒိယမှာ တွေ့ ဖူးတယ်၊ ဒါကြောင့် ကိုယ်နားမလည်တဲ့ကိစ္စတွေမှာ ပညာသည်တွေကို မစော်ကားတာ အကောင်းဆုံးပဲ"

လို့တီးတိုးပြောလိုက်လေ၏။

မမြမူကမူ လင်ဖြစ်သူ၏ စကားကို နားဝင်ဟန် မရှိပဲ အယူသည်းရန်ကောဟုသော အမူအယာဖြင့် မျက်နှာကို မဲ့လိုက်လေ၏။





အထက်ပါ ကိစ္စရပ်များ ဖြစ်ပွားပြီး တစ်ပတ်ခန့် ကြာသောအခါ အရေးပိုင်မင်းသည် အနီးအနား ရွာများသို့ စိတ်ပြေလက်ပျောက် ငှက်ပစ်ထွက်ရန် ပြင်ဆင်လေရာ အရေးပိုင်ကတော် ကိုယ်တိုင် လိုက်ပါလာလေ၏။

အရေးပိုင်လင်မယားသည် မြို့နှင့် ၈ မိုင်ခန့်ဝေးသော ဇရပ်ကြီးရွာဘိုတဲ၌တည်းကာ အနီးပတ်ဝန်းကျင်ရှိ နောက်



www.burmeseclassic.com

www.burmeseclassic.com



များကိုရှာဖွေပစ်ခတ်လေ၏။

အရေးပိုင်မင်းသည် စိတ်ပြေလက်ပျောက် နှစ်ရက်ခန့် ငှက်ပစ်ပြီးနောက် မြို့ပေါ်သို့ ပြန်လာခဲ့လေ၏။

အိမ်သို့ပြန်ရောက်သောအခါ ခြံရှေ့၌ကားဟွန်းတီးသော်လည်း မည်သည့် အစေခံမျှ ထွက်မကြိုကြသဖြင့် မမြမှုသည်အစေခံတန်းလျားကိုဒေါသတကြီးထွက်ခဲ့လေ၏။

တန်းလျားရှေ့သို့ရောက်သောအခါ ထူးထူးခြားခြား တံခါးများကို အလုံပိတ်ထားသဖြင့် မမြမှုက

"ဟဲ့..အစေခံတွေ နင်တို့ နေ့ခင်းကြောင်တောင် တံခါး ပိတ်ပြီး အထဲမှာ သေနေကြသလား၊ ငါတို့ ကားဒီလောက် ဟွန်းတီးတာ မကြားရအောင် နင်တို့ နားပင်းနေကြသလား"

ဟုအော်ဟစ်ဆူပူလေ၏။ထိုအခါမှပင် တံခါးပွင့်လာပြီး အစေခံတစ်ဦးဒယီးဒယိုင်ထွက်လာကာ





"သခင်မ.. ကျွန်တော့်အနားမကပ်ပါနဲ့ခင်ဗျာ.. ကျွန်တော်တို့မိသားစု ပုလိပ်ရောဂါ ဖြစ်နေပါတယ်၊ ကျွန်တော် မျိုးရဲ့သားကြီး မြို့ထဲမှာ အလုပ်လုပ်ရင်း ကူး စက်လာတာပါ"

ဟုဆိုလိုက်ရာ မမြမှုသည် နွေခေါင်ခေါင် မိုးကြိုးပစ်ခံရသကဲ့သို့ အထိတ်တလန့်ဖြစ်သွားပြီး ကားရှိရာသို့ ကမူးရှူးထိုးပြန်ပြေးလေ၏။

ကားဆီသို့ရောက်သောအခါ အရေးပိုင်မင်းကို ကမန်းကတန်း ပြောပြပြီး

"အမလေး..အစေခံတွေ ပုလိပ်ရောဂါဖြစ်တယ်တဲ့ ကိုကိုရေ.. ကျွန်မတို့အိမ်မှာ နေလို့မဖြစ်တော့ဘူး၊အမြန်ဆုံး ပြေးမှ ဖြစ်မယ်"

ဟုဆိုလိုက်ရာ အရေးပိုင်မင်းလည်း တုန်လှုပ် ချောက်ချားသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဘနာဂျီးကို အမြန် အကြောင်းကြားပြီး ပိုးသတ်ဆေးတွေ ဘာတွေ ဖြန်းမှ ဖြစ်မယ်၊ လောလောဆယ် ကိုကိုတို့အိမ်မှာနေလို့မဖြစ်ဘူး၊ အနီးအနားက ဘိုတဲတစ်ခုမှာ သွားပြီးတည်းမှ ဖြစ်မယ်"

ဟုပြောလိုက်လေ၏။

ခဏကြာလျှင် ဒေါက်တာ ဘနာဂျီးနှင့် အစိုးရ ကျန်းမာရေးဌာနမှ လူများ ရောက်ရှိလာသဖြင့် အရေးပိုင် မင်းသည် အိမ်တွင်ဆက်ပြီး မနေတော့ဘဲ အနီးဆုံး မြို့ရှိရာ ဘိုတဲသို့ပြေးလေ၏။





ဘိုတဲသို့ရောက်သောအခါ အရေးပိုင်လင်မယားသည် ဗိုက်ထဲတွင် အလွန်ဆာလောင်နေသဖြင့် ဘိုတဲစောင့်ကို အနီးဆုံး ကာကာဆိုင်မှ ကော်ဖီနှင့် မုန့်များကို ဝယ်ခိုင်း လိုက် လေသည်။

ခဏကြာလျှင် ဘိုတဲစောင့် ပြန်ရောက်လာပြီး ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



နှင့်မုန့်များကို အရေးပိုင်လင်မယား စားသောက်ရန် ပြင်ဆင်လေ၏။

အရေးပိုင်ကတော် မမြမှုသည် ဆာဆာနှင့် ကော်ဖီကို သောက်ရန်ပြင်လိုက်ရာ ကော်ဖီသည် နွားမဒန်း သေးရည်ကဲ့သို့ လွန်စွာ နံစော်နေကြောင်း တွေ့လိုက်ရသဖြင့် ဘိုတဲစောင့်ကို ဒေါသတကြီး အော်ဟစ်ခေါ်ဝေါ်လိုက်ပြီး

"ဟဲ့ကောင် နင်ဝယ်လာတဲ့ကော်ဖီကို နင်ပြန်သောက်ကြည့်စမ်း..အသုံးမကျတဲ့ကောင်၊ ဘိုတဲစောင့် အလုပ်ကပြုတ်သွားချင်သလား၊ ဒီလောက် နံစော်နေတဲ့ ကော်ဖီကို အရေးပိုင်သောက်ဖို့တည်ခင်းတယ် ဆိုတော့ ငါတို့ကို မထီလေးစားလုပ်တာလား"

ဟုကြိမ်းမောင်းလိုက်ရာ ဘိုတဲစောင့်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး





"မလုပ်ဝံ့ပါဘူး၊ အရေးပိုင်ကတော်ရယ်..ကျွန်တော်မျိုးဘိုတဲစောင့်အလုပ်ကို လုပ်လာတာ အိုသေတော့မယ်၊ ဘယ်လို အစိုးရအရာရှိကြီးတွေကိုမှ မထီလေးစား မလုပ်ဝံ့ပါဘူး"

ဟုရိုသေစွာ ပြောဆိုလေ၏။

မမြမှုက ဘိုတဲစောင့် စကားကြောင့် အလွန်ဒေါသပုန်ထသွားပြီး

"မလုပ်ဝံ့ဘူးဆိုရင် ဟောဒီကော်ဖီကို နင်လာသောက်ကြည့်စမ်း၊ မသောက်ရင်တော့ နင့်ကို အလုပ်အဖြုတ်ပဲ"

ဟုဆိုလိုက်ရာ ဘိုတဲစောင့်သည် ကြောက်ကြောက်နှင့် ကော်ဖီပန်းကန်ကိုယူကြည့်လေ၏။ အရေးပိုင်ကတော်က

"ကဲ....သောက်ကြည့်လေ..နင်မသောက်ဝံ့ဘူးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား”

ဟုဆိုလိုက်ရာ ဘိုတဲစောင့်သည် ကော်ဖီပန်းကန်ကို တုန်ယင်သော လက်များဖြင့် ကိုင်ထားရင်း အနည်းငယ် သောက်ကြည့်လေ၏။

ပြီးနောက် နားမလည်ဟန်နှင့် အရေးပိုင်လင်မယားကို ကြည့်ကာ

“ကျွန်တော်မျိုးကော်ဖီသောက်တာ ဘာထူးခြားမှုမှ မတွေ့ပါဘူး၊ ကော်ဖီနံ့လေး မွှေးပြီး အရသာရှိပါတယ်”

ဟုဆိုလိုက်ရာ မမြမှုသည် ဘိုတဲစောင့်ကို စိတ် မထိမ်းနိုင်တော့ဘဲ အနီးရှိ ချိုင့်ဖြင့်ပစ်ပေါက်ရန် ကြံလိုက်၏။

ထိုအခိုက်မှာပင် အရေးပိုင်မင်းသည် သူတို့လင် မယားကို ကျိန်စာတိုက်သွားသော ဆာဒူးကြီး၏ စကားကို ပြန်လည်ကြားယောင်လိုက်ပြီး ယနေ့သည် ဆာဒူးကြီး





ကျိန်စာတိုက်သော ရက်မှ ရေတွက်လျှင် ကိုးရက်တိတိ ပြည့်မြောက်သောနေ့ဖြစ်ကြောင်း သတိရလေ၏။

ထို့ကြောင့် မမြမှု၏ လက်ကို ဆွဲလိုက်ပြီး

“ခဏနေဦး မြ..ဆာဒူးဘုန်းကြီးကျိန်စာတိုက်သွားတာ မှတ်မိလား၊ သူပြောခဲ့တာ ဒီနေ့ဆိုရင် ၉ ရက်တိတိရှိပြီ၊ သူ့ကျိန်စာကြောင့်များ တို့လင်မယားတွေ ဒုက္ခဖြစ်နေတာ လား”

ဟု အထိတ်တလန့်ပြောဆိုလေရာ မမြမှုသည် ဆာဒူး ကြီးကျိန်စာတိုက်သော စကားများကို ပြန်လည်ကြား ယောင်လာ၏။

*“ဒီနေ့ကစပြီး ကိုးရက်တိတိ ရှိတဲ့နေ့မှာ သင်တို့ တစ်မိသားစုလုံး ဒီနေ့ ကျွန်ုပ် ဆာလောင်သလို ဆာ လောင်ပြီး သူတောင်းစားကိုယ်တိုင် ခွံ့ကျွေးတဲ့ ထမင်း*



www.burmeseclassic.com

www.burmeseclassic.com



*ကို စားပြီးမှ ဇိုက်ပြည့်ပါစေသား..”*

သို့သော် လူတန်းစား ခွဲခြားပြီး ဆင်းရဲသား နင်းပြား များကို အထင်သေးတတ်သော စိတ်ဓါတ်ကြောင့် ဆာဒူးကြီး ကို သူတော်စင်ဟု လက်မခံနိုင်ဘဲ

“ဒီ့..ကိုကိုကလဲ ကုလားသူတောင်းစား စကားကို နား ဝင်နေပြန်ပြီ၊ သူတောင်းစားလူမိုလို့ ပြောမိပြောရာ ပြောသွား တာပါ၊ သူ့မှာတန်ခိုး စွမ်းအင်ရှိရင် မြတ်နိုဆီ ကတောင် လာပြီး တောင်းမစားဘူး၊ သူ့ကျိန်စာ စွမ်းမစွမ်း သိချင်ရင် ဟောဒီမှာ ပေါင်မုန့် ထောပတ်သုတ်တွေရှိသေးတယ်၊ စမ်းကြည့် လိုက်ပါ”

ဟုပြောဆိုပြီး ပေါင်မုန့်ထောပတ်သုပ်ကိုယူပြီး စား ကြည့်ရန် ပြင်လိုက်စဉ် ပေါင်မုန့်ထောပတ်သုတ်များသည် ဆီချေးစော် အလွန်နံနေကြောင်း တွေ့ရလေ၏။





ထိုအခါ မမြမှုသည် ပေါင်မုန့် ထောပတ်သုတ်များကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့်ကြည့်လိုက်ပြီး

“ဟင်...ပေါင်မုန့်ထောပတ်သုတ်တွေလည်း ဆီချေး စော်နံနေတယ်”

ဟုပြောလိုက်ရာ အရေးပိုင်မင်းသည် ဆာဒူးကြီး၏ ကျိန်စာအစွမ်းပြလေပြီဟု ယူဆကာ တုန်လှုပ်ချောက်ချား သွားလေ၏။

ထိုအခိုက်မှာပင် မြို့ပိုင်မင်း၏ကား ဘိုတဲသို့ ရောက်ရှိ လာပြီးအရေးပိုင်မင်းမိသားစုစားသောက်ရန် နေ့လယ်စာကို လှည်းတစ်စီးနှင့်ပို့လိုက်ကြောင်း ပြောလေ၏။

အရေးပိုင်လင်မယားသည် ဆာလောင်မွတ်သိပ် နေပြီ ဖြစ်သဖြင့် မြို့ပိုင်မင်း ပို့လိုက်သော တမင်းဟင်းများကို မျှော် လင့်စောင့်စားနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်း၏ ထမင်းဟင်းများ သန့်ရှင်း စင်ကြယ်ပြီး စားလို့ရပါစေဟုသာ ဆုတောင်းနေမိ၏။





ခဏအကြာတွင် ဘိုတဲဆီသို့ လူတစ်ဦးရေးကြီး သုတ်ပြာအမူအရာနှင့် ရောက်ရှိလာပြီး ထိုသူက မြို့ပိုင်မင်းအား

"အရေးပိုင်မင်း မိသားစု စားသောက်ဖို့ ထမင်းဟင်းနဲ့ ဒန်းကန်ခွက်ယောက်တွေကို လှည်းပေါ်တင်ပြီး ထွက်အလာ လမ်းမှာ အရှိန်နဲ့မောင်းလာတဲ့ ကားတစ်စီးကို ရှောင်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လှည်းမှောက်ပြီး ထမင်းဟင်းတွေ ဆုံးရှုံးကုန်ပါတယ်"

ဟုပြောလေရာ အရေးပိုင်လင်မယားသည် ဆာဒူး ဘုန်းကြီး၏ ကျိန်စာအစွမ်းဟု ယူဆကာ တုန်လှုပ်ချောက်ချားသွားပြန်၏။

မြို့ပိုင်မင်းသည် အရေးပိုင်မိသားစု နေ့လယ်စာ မစားရခြင်းကို ရိပ်စားမိသဖြင့် အလွန် အားတုံ့အားနာ ဖြစ်သွားပြီး

"ကျွန်တော်တို့ အိမ်မှာ အရေးပိုင်မင်းကို နေ့လယ်စာ ကျွေးပါရစေ၊ ကျွန်တော်ကားနဲ့ အိမ်ကိုသာ လိုက်ခဲ့ပါ"

ဟုဖိတ်ခေါ်လေ၏။

အရေးပိုင်လင်မယား၏ ဗိုက်ထဲတွင် ဆာလောင်လွန်းသဖြင့် တကြုတ်ကြုတ် မြည်နေပြီး အစာစားရခြင်းသာ ပဓာန ဖြစ်သဖြင့် မြို့ပိုင်မင်း၏ ဖိတ်ခေါ်ချက်ကို မငြင်းဆန်ဘဲ လိုက်ခဲ့လေ၏။





မြို့ပိုင်မင်း၏ အိမ်သို့ ရောက်သောအခါ အစေခံများသည် ထမင်းဟင်းများကို မမြှုတို့စားသောက်ရန် အမြန်ဆုံး ချက်ပြုတ်ကြလေ၏။

ညနေ သုံးနာရီခန့်ရှိသောအခါ ထမင်းဟင်းများ အားလုံးကျက်ပြီး အစားအသောက်များ၏ မွှေးပျံ့သော ရနံ့သည် အရေးပိုင်လင် မယားကို ပိုမိုပြီး ဆာလောင် မွတ်သိပ်စေ၏။

မြို့ပိုင်ကတော်ကြီးသည် ထမင်းဟင်းများ ကျက်သောအခါ စားပွဲဝိုင်းကြီးပေါ်တွင် စုံလင်စွာ ပြင်ဆင်ပြီး အရေးပိုင် လင်မယားကို ခေါ်လိုက်လေ၏။

အရေးပိုင်လင်မယားသည် ဗိုက်ထဲတွင် ဆာလောင်လှပြီ ဖြစ်သဖြင့် ဟန်မဆောင်နိုင်တော့ဘဲ ထမင်းစားခန်းသို့ အပြေးလာခဲ့ရင်းမြို့ပိုင်မင်း၏ ထမင်းဝိုင်းသို့ ဆာဒူးကြီး၏



www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာ မသက်ရောက်ပါစေနဲ့ဟု ကြိတ်ပြီး ဆုတောင်းနေလေ၏။

သူတို့သည် ထမင်းစားခန်းသို့ ရောက်သောအခါ အငွေ့တထောင်းထောင်းထနေသော စားသောက်ဖွယ်ရာများကို ကြည့်ပြီး သွားရည်များပင် ကျလာလေ၏။

မမြမှုသည် ဆာလောင်မွတ်သိပ်လှသဖြင့် စားပွဲဝိုင်းရှေ့ဝင်ထိုင်လိုက်ပြီး

"ဆာလှပြီရှင့်၊စားတော့မယ်"

ဟုဆိုကာ ဝက်သားဆီပြန် ပန်းကန်ထဲသို့ ခပ်ရန်ပြင်လိုက်စဉ် ပန်းကန်ထဲမှ အိမ်မြှောင်အသေကောင်တစ်ကောင်ကို မြင်လိုက်သဖြင့် အမလေးဟု လန့်ပြီး အော်လိုက်လေ၏။

အရေးပိုင်မင်း ကိုယ်တိုင်လည်း ကြက်သားကြော်





တစ်တုံးကို ကောက်ကိုင်လိုက်ရာ ကြက်သားကြော်ထဲရှိ ငရုတ်သီးကြော်များကြားမှ လောက်ကောင်ကြီးများကို တဖွားဖွား မြင်လိုက်ရသဖြင့် အော့အန်မတတ် ဖြစ်သွားလေ၏။

မြို့ပိုင်လင်မယားမှာလည်း သူတို့တည်ခင်းသော အစားအစာများထဲမှ ရွံရှာဖွယ်ရာများကို မြင်တွေ့ရသဖြင့် အရေးပိုင်လင်မယားကို အားနာလွန်းလှပြီး အစေခံများကို အကြီးအကျယ် ဆူပူကြိမ်းမောင်းနေလေ၏။

ထိုအခါမှပင် အရေးပိုင်မင်းက သူတို့ကြုံတွေ့ရသော ဆာဒူးကျိန်စာအကြောင်းကို ပြောပြလိုက်လေ၏။

မြို့ပိုင်မင်းသည် အရေးပိုင်မင်း၏စကားကြောင့် အလွန် ထိန်လန့် ချောက်ချားသွားပြီး အစားအစာများကို အသစ်ပြန်လည်ချက်ပြုတ်ရန် ပြင်လေ၏။

ထိုအခါ အလွန် စိတ်ဆင်းရဲနေသော အရေးပိုင်မင်းက



www.burmeseclassic.com

www.burmeseclassic.com



လတ်ကာပြလိုက်ပြီး

"တော်ပါပြီ..မြို့ပိုင်မင်းရယ်..အခုလို ကျိန်စာသင့်နေ တဲ့ ကျုပ်တို့ လင်မယားကို ဂရုတစိုက် ချက်ပြုတ် ကျွေးတာ ကိုပဲ ကျေးဇူးတင်လှပါပြီ၊သူတော်စင်ကိုစော်ကားမိတဲ့ အတွက် ကျုပ်တို့ အပြစ်နဲ့ကျုပ်တို့ပဲ ရှိပါစေတော့ဗျာ"

ဟုပြောလိုက်လေ၏။

ထို့နောက်အရေးပိုင်လင်မယားသည် ဆာလောင်မွတ် သိမ့်ပြီး မြို့ပိုင်မင်း အိမ်ကထွက်ခဲ့လေ၏။

လမ်း၌ အရေးပိုင်မင်းက မမြမှုကို ကြည့်ကာ

"သူတော်စင်ကိုစော်ကားမိတဲ့ အပြစ် ဘယ်လောက် ကြီးတယ်ဆိုတာ မြသိပြီမဟုတ်လား၊ အခုတော့အစ်ကိုကြီးတို့ ဘယ်လိုလုပ်ကြမလဲ"

ဟုလိုက်ရာ မမြမှုက အံကို တင်းတင်းကြိတ်ပြီး





"မြတော့ လက်မလျှော့ချင်သေးဘူး၊ ဟိုနားက ကာကာ ဆိုင်လေးမှာ ကားခဏ ရပ်ပေး၊ မြ ကိုယ်တိုင် ဆင်းဝယ် ကြည့်မယ်"

ဟုဆိုငိုလရာ အရေးပိုင်မင်းသည် မမြမှု၏အပြုအမူကို ယုံကြည်မှုမရှိသော်လည်း သူမ စိတ်ကျေနပ်စေရန် ကားကို ရပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မမြမူသည် ကာကာဆိုင်သို့ ကိုယ်တိုင်သွားပြီး ကော်ဖီနှင့်မုန့်များကို စိတ်တိုင်းကျ ဝယ်ယူလေ၏။

မမြမူသည် ကာကာကုလားပေးလိုက်သော ကော်ဖီနှင့်မုန့်များကို သေချာစွာ စစ်ဆေးပြီး စိတ်အားတက်ကြွဟန်ဖြင့် ကားဆီသို့ပြန်လာကာ

"ဒီတစ်ခါတော့ လတ်လတ်ဆတ်ဆတ်ပဲ အစ်ကိုကြီး





ရေ့အာမြန်စားပေတော့"

ဟုဆိုကာ ဝယ်ယူလာသော မုန့်များကို အငမ်းမရ စားရန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ပေါင်မုန့်ထောပတ်သုပ်များမှာ ထောပတ်သုပ် မဟုတ်ဘဲ ရေနံချေးများ ဖြစ်နေကြောင်း တွေ့ရသဖြင့် မစားဝံ့တော့ဘဲ အော့အန်ပြီး ချုံးပွဲချ ငိုကြွေးနေလေ၏။

အရေးပိုင်မင်းကိုယ်တိုင်လည်း ဇနီးဖြစ်သူကို မချော့နိုင်ဘဲ အတန်ကြာအောင် တွေဝေနေလေ၏။

သူတို့၏ဗိုက်ထဲ တွင်လည်း ဆာလောင်မှုက ထိမ်းမနိုင်သိမ်းမရ ဖြစ်လာ၏။

နောက်ဆုံး၌ အရေးပိုင်မင်းသည် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုတို့ ဒီအတိုင်း ခေါင်းမာနေလို့ဘာမှ မထူးတော့ဘူး၊ သူတော်စင်ကို ပြစ်မှားခဲ့မိတဲ့အတွက် ဒီလို ဘေးဒုက္ခမျိုးကိုကြုံတွေ့ရတာပဲ၊ ကိုကိုတို့ဆာဒူးကြီးကိုပြန်တောင်းပန်ရမယ်၊ သူရဲ့ကျိန်စာထဲကအတိုင်း သူ ကျေနပ်အောင် ကိုကိုတို့လုပ်ပေးရမယ်"

ဟုဆိုလိုက်ရာ မမြမှူသည် ဆာဒူးကြီး ကျိန်ဆိုခဲ့သော စကားများကို ပြန်လည် ကြားယောင်လေ၏။

*""ဒီနေ့ကစပြီး ကိုးရက်တိတိ ရှိတဲ့နေ့မှာ သင်တို့တစ် မိသားစုလုံး ဒီနေ့ ကျွန်ုပ် ဆာလောင်သလို ဆာလောင်ပြီး သူတောင်းစားကိုယ်တိုင် ခွံ့ကျွေးတဲ့ ထမင်းကို စားပြီးမှ ဗိုက်ပြည့်ပါစေသား...."*

မမြမှူသည် ဆာဒူးကြီး၏ ကျိန်ဆိုမှုကို ပြန်လည်ကြားယောင်ပြီး တုန်လှုပ်ချောက်ချားကာ





"ဟင်..ဒါဆိုရင် မြတို့က သူတောင်းစား ခွံ့ကျွေးတဲ့ ထမင်းကို စားရတော့မှာပေါ့၊ ကိုယ်ကျိုးနည်းလှပါပြီ ကိုကိုရယ်.. ကိုကိုလို အရေးပိုင်မင်းတစ်ယောက်က မြရဲ့ပါးစပ်ဆော့မှုကြောင့် သူတောင်းစားကျွေးတဲ့ ထမင်းကို စားရတော့မှာလား"

ဟု မချိတင်ကဲ ရေရွတ်နေလေ၏။ ထိုအခါ အရေးပိုင်မင်းက သက်ပြင်းချလိုက်ပြီး

"မတတ်နိုင်ဘူး မြရယ်..ဝက်ဖြစ်မှ မစင်ကြောက်နေလို့မရတော့ဘူး၊ ဆာဒူးကြီးပေးတဲ့ အပြစ်ဒဏ်ကို ခံယူရတော့မှာပေါ့"

ဟုဆိုကာ ကားကို မောင်းရင်း အနီးပတ်ဝန်းကျင်၌ သူတောင်းစားကို ရှာဖွေလေ၏။

ခဏကြာမှ မြို့ပြင်ရှိ ညောင်ပင်ကြီး တစ်ပင်အောက်၌



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်တည်း ရှိနေသော သူတောင်းစားတစ်ယောက်ကို တွေ့သဖြင့် ကားကိုရပ်ပြီး ငွေအချို့လှူဒါန်းကာ အကျိုးအကြောင်း ပြောပြပြီး အကူအညီတောင်းလေ၏။

ထိုအခါ သူတောင်းစားက အလွန် အံ့သြသွားပြီး

"အမလေး... နားရှိလို့သာ ကြားရတယ် သူဌေးက သူတောင်းစားဆီက ပြန်စွန့်ကြဲဖို့တောင်းပန်နေတယ်၊ ခေတ်ကာလများ တော်တော်ထူးဆန်းပါလား...ကဲ... ကျုပ်ကို မရွံမရှာဘူး ဆိုရင်တော့ကိုယ်တိုင်ခွံပြီး ကျွေးပါမယ်"

ဟုဆိုကာ သူတောင်းစားကြီးက သူ၏ ရွံရှာဖွယ်ကောင်းသော လက်ကြီးဖြင့် ဖက်ထဲရှိ စားလက်စ ထမင်းကျန်ဟင်းကျန်များကို ခွံကျွေးလေ၏။

အရေးပိုင်လင်မယားသည် သူတောင်းစား လက်ဖြင့် ခွံကျွေးသောထမင်းကို ရွံရှာလွန်းလှသော်လည်း ဗိုက်ထဲတွင်





ဆာလောင်လွန်းလှသဖြင့် ကြိတ်မှိတ်ပြီး စားရရှာ၏။

ထိုအခါမှပင် အရေးပိုင်လင်မယား နှစ်ယောက်စလုံး ဗိုက်ပြည့်ကာ ဆာဒူးကြီး၏ ကျိန်စာမှ လွတ်ကင်းသွား လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ နှစ်ယောက်စလုံး ဘိုတဲသို့ ပြန်လာပြီး အစေခံအား ညစာချက်ပြုတ်ခိုင်းလေရာ အစားအစာများကို ထိုအခါမှပင် ကောင်းမွန်စွာ စားသောက်ရလေ၏။ မမြမှုသည် အစားအစာများကို ဝလင်အောင် စားသောက်ပြီးနောက် တစ်စုံတစ်ရာကို တွေးကာ တုန်လှုပ်ချောက်ချား သွားလေ၏။

မမြမှု၏ အမူအရာကို ကြည့်ပြီး အရေးပိုင်မင်းက





"ဘာဖြစ်လို့လဲမြ"

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မမြမှုက အထစ်ထစ် အငေါ့ငေါ့ဖြင့်

"ဆာဒူးကြီးရဲ့ကျိန်စာက မပြီးသေးဘူး ကိုကို… နောက်ဆက်တွဲကျိန်စာရှိသေးတယ်"

ပုလိပ်ဌာနဥ္စသူမကို ကျိန်ဆိုခဲ့သော နောက်ဆက်တွဲကျိန်စာကို ပြန်လည်ကြားယောင်လေ၏။

*"သင်ဟာ နောက်တစ်နှစ်အတွင်းမှာ ရင်သွေးတစ်ယောက်ရလိမ့်မယ်၊ ဒါပေမဲ့ ရင်သွေးရပြီး ငါးနှစ်ပြည့်တဲ့အချိန်မှာ သင့်ရဲ့ ယောကျ်ား အရေးပိုင် ကိုယ်တိုင် သင့်ကို မုန်းတီးရွံ့ရှာပြီး အိမ်ပေါ်က မောင်းချတာခံရမယ်၊ သင့် ယောကျ်ား အရေးပိုင်လဲ ရာဇဝတ်မှုခင်းဖြစ်ပြီး အလုပ်က ပြုတ်ရလိမ့်မယ်၊ သင့်ရဲ့သားဟာ*



www.burmeseclassic.com

www.burmeseclassic.com



*အလွန်အရည်အချင်းနဲ့ ပြည့်စုံတဲ့ယောကျ်ားကောင်း တစ်ယောက် ဖြစ်ပေမဲ့ နောက်ဆုံးမှာ သူ့အချစ်ဆုံးသား က သူ့ကိုပြန်ပြီးသတ်လိမ့်မယ်"*

အရေးပိုင်မင်းသည် ဆာဒူးကြီး၏ နောက်ဆက်တွဲ ကျိန်စာကို ဂရုမပြုဘဲ

"ဒါကိုတော့ ကိုကို မကြောက်ဘူး၊ ဘာကြောင့်လဲ ဆိုတော့မြကိုကိုကိုဘယ်တော့မှမုန်းတီးရှုံရှာမှာမဟုတ်ဘူး၊ ဒီတော့ အိမ်ပေါ်က မောင်းနှင်ချဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ကိုကိုလည်းဘာရာဇဝတ်မှုခင်းမှ မဖြစ်နိုင်ဘူး၊ ဒါကြောင့် အလုပ်ပြုတ်စရာ အကြောင်းမရှိဘူး။ ကိုကိုတို့ မိသားစုမှာ ရင်သွေးရဖို့ ကြိုးစားနေတာ အတော်ကြာပြီ၊ ဒီနေ့အထိ မရနိုင်သေးတဲ့အတွက် ဆာဒူးကြီး ကျိန်စာဟာ ပိုမဖြစ်နိုင် သေးတယ်"





ဟုပြောလေရာ မမြမှု၏ရင်ထဲတွင် ပေါ့ပါးသွား လေ၏။

ထိုနေ့မှစပြီး အရေးပိုင်လင်မယားသည် ဆာဒူးကြီး၏ ကျိန်စာကို မေ့လျော့ပြီး ပျော်ရွှင်စွာ နေထိုင်ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ခန့်ကြာသောအခါ မမြမှုသည် ရင်သွေးလေး တစ်ယောက်ကို မမျှော်လင့်ဘဲ ရရှိသဖြင့် အလွန်ဝမ်းသာ ပျော်ရွှင်သွားကြ၏။

သူတို့သည် "*သင်ဟာ နောက်တစ်နှစ် အတွင်းမှာ ရင်သွေးတစ်ယောက် ရလိမ့်မယ်*" ဆိုသော ဆာဒူးကြီး၏ နောက်ဆက်တွဲ ကျိန်စာကို တစ်ယောက်နှင့်တစ်ယောက်





မပြောမိအောင် ကြိုးစားပြီး ပျော်ရွှင်စွာ နေထိုင်ကြ၏။

သို့သော် ကျိန်ဆိုထားပြီးသော အရာကို မေ့ပျောက် ထားလို့ရနိုင်ပါမည်လား။ အရေးပိုင်မင်းသည် သူ၏ သား လေးကို အလွန်ချစ်မြတ်နိုးလှပြီး မောင်ချစ်မြဟု အမည် ပေးထားလေ၏။

မောင်ချစ်မြလေး ၄ နှစ်သား အရွယ်တွင် အရေးပိုင် မင်းသည် ပြောင်းရွှေ့မိန့်ကျလာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်မင်း ပြောင်းရွှေ့မိန့်ကျသော မြို့မှာ မမြမှု၏ ဇာတိမြို့ဖြစ်သဖြင့် မမြမှုသည် လွန်စွာ ပျော်ရွှင်သွားလေ၏။

ဇာတိမြို့၌ သူမ၏အပေါင်းအသင်းဟောင်းများရှိသဖြင့် အရေးပိုင်ကတော်အဖြစ် အာဏာပါဝါပြသရန် အကောင်းဆုံး ဖြစ်သွားလေ၏။

မမြမှုသည် ဇာတိမြို့သို့ ရောက်သောအခါ မိတ်ဆွေ အပေါင်းအသင်းများကို ဖိတ်ပြီး ကြီးကျယ်ခမ်းနားသော





ပါတီပွဲတစ်ခု ပြုလုပ်လေ၏။

ထိုပါတီပွဲသို့ တက်ရောက်သူတိုင်း မမြမှု၏ ပြည့်စုံကြွယ်ဝသော ဘဝကိုအားကျကြကုန်၏။

မမြမှု၏ ပါတီပွဲသို့ တက်ရောက်သူများထဲတွင် အထူးခြားဆုံးလူတစ်ဦးရှိ၏။

ထိုသူမှာ မမြမှု၏ ရည်းစားဟောင်း ခင်ရီဖြစ်၏။ ခင်ရီကို ဆင်းရဲနွမ်းပါးသဖြင့် မမြမှုက မယူလိုဟုဆိုကာ ထားရစ်ခဲ့သူ ဖြစ်၏။

ယခု မမြမှုသည် ခင်ရီ အပေါ်တင်ရှိသော သူမ၏ အပြစ်ကိုကျေအေစရန် အလို့ငှာ ပါတီပွဲသို့ဖိတ်ပြီး ကောင်းမွန်စွာ ဧည့်ခံလေ၏။ သို့သော် ခင်ရီသည် ယခင်ကခင်ရီမဟုတ်တော့ချေ။

အနီးအနားမြို့ရှိ သမားတော်ကြီးတစ်ဦးထံတွင် တပည့်



www.burmeseclassic.com

www.burmeseclassic.com



ခံပြီး အကြောဝိဇ္ဇာ ဆရာခင်ရီ ဖြစ်နေပေပြီ။

ခင်ရီသည် မမြမှု ပြန်လာပြီ ဟုသော သတင်းကြား ကတည်းက နာကြည်းစိတ်ဖြင့် အခွင့်သာလျှင် လက်စားချေ မည်ဟု စိတ်ပိုင်းဖြတ်ထားလေ၏။

ထို့ကြောင့် မမြမှုနှင့် ပါတီပွဲ၌ ဆုံတွေ့သောအခါ

"မြကဒီနေ့အထိ လှနေတုန်းပဲနော်၊ ကိုယ်တော့ မြကို တစ်ရက်မှ မေ့မရဘူးကွယ်"

ဟုပြိတ်တီဆိုလိုက်လေ၏။

အရေးပိုင်မင်း မရှိခိုက် မမြမှု၏ အိမ်သို့ အကြောင်းမရှိ အကြောင်းရှာပြီး မကြာခဏ သွားလည်လေ၏။

ထိုသို့ သွားလည်သည့် အခါတိုင်း မမြမှုနှစ်သက်မည့် စကားများကို မြှောက်ပင့် ပြောဆိုလေ၏။





'မမြမှု၏ဝေဒနာမှာ
မှန်ညင်းဆီလိမ်းရန်ပင် မလိုတော့ဘဲ
လှုယုတ်မာခင်ရီကိုယ်ဖိုရင်ဖိပြုစုသဖြင့်
သက်သာပျောက်ကင်းနေချေပြီ။'



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မမြမှုသည် မီးဖိုချောင်၌ ခြေချော်ပြီး လဲလေ၏။

ထိုအခိုက်မှာပင် လူယုတ်မာခင်ရီ ရောက်လာပြီး မမြမှု၏ခြေထောက်ကို အကြောပြင်ပညာဖြင့် ကုစားပေးမည်ဆိုကာ အိပ်ခန်းထဲရှိ ခုတင်ပေါ်တွင် အိပ်ခိုင်းလေ၏။

အိမ်ရှိ အစေခံမလေးကိုလည်း အိမ်နှင့်အလွန်ဝေးသော အရပ်မှ မုန့်ညင်းဆီတစ်ပုလင်း ဝယ်ခိုင်းလေ၏။

——— စေတနာစာပေ ———



အစေခံမလေးသည် မြို့အနှံ့ ခြေတိုအောင် လျှောက်ပြီးကာမှ မုန့်ညင်းဆီ တစ်ပုလင်းကို ရလေ၏။

အစေခံမလေး မုန့်ညင်းဆီဝယ်ပြီး အိမ်ပြန် ရောက်သောအခါ မမြမှု၏ ဝေဒနာမှာ မုန့်ညင်းဆီလိမ်းရန်ပင် မလိုတော့ဘဲ လူယုတ်မာခင်ရီ ကိုယ်ဖိရင်ဖိ ပြုစုသဖြင့် သက်သာ ပျောက်ကင်းနေချေပြီ။

ခင်ရီသည် နောက်နေ့များတွင်လည်း မမြမှု၏ ဝေဒနာကို ကုစားပေးမည်ဟု အကြောင်းပြကာ အိမ်သို့ နေ့စဉ် ရောက်ရှိလာ၏။

ခင်ရီရောက်ရှိသည့် အချိန်တိုင်းသည် အရေးပိုင်မင်း မရှိသည့် အချိန်များနှင့် တိုက်ဆိုင်နေလေ၏။

ခင်ရီသည် မမြမှု၏ အိမ်သို့ရောက်သည်နှင့် အစေခံမလေးကို အကြောင်းမရှိ အကြောင်းရှာပြီး အိမ်မှ ထွက်သွား

——— စေတနာစာပေ ———

www.burmeseclassic.com

www.burmeseclassic.com



စေ၏။ မမြမှုသည် အရေးပိုင်မင်း မရှိခိုက် အိမ်သို့ ခင်ရီ မကြာ ခဏလာရောက်ခြင်းကို နှစ်သက်နေလေရာ အရေးပိုင်မင်း မသိအောင် ဖုံးဖိထားလေ၏။





တစ်နေ့တွင် အိမ်စေမလေးသည် ပရဆေးဆိုင်သို့ သွားပြီး ခင်ရီ ဝယ်ခိုင်းလိုက်သော ပရဆေးများကို ဝယ်ရန် ထွက်လာ၏။

သို့သော် ပရဆေးဆိုင် ပိတ်နေသဖြင့် အိမ်သို့ ပြန်လာခဲ့၏။

အိမ်သို့ ရောက်သောအခါ တစ်အိမ်လုံး တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး အိမ်၏ ညှော်ခန်း၌ မောင်ချစ်မြလေးတစ်ဦးတည်း ဆော့ကစားနေလေ၏။

အစေခံမလေးသည် ခင်ရီကို အကျိုးအကြောင်းပြော ရန် အိမ်ပေါ်ထပ်သို့ တက်ခဲ့လေ၏။

အိမ်ပေါ်ထပ်သို့ ရောက်သောအခါ အိပ်ခန်းတံခါးကို ပိတ်ထားပြီး အိပ်ခန်းထဲမှ အချစ်ပလူးနေသော အသံများကို ကြားရသဖြင့် အစေခံမလေးသည် ရင်တုန်ပန်းတုန် ဖြစ် ကာ အပေါ်ထပ်မှ ကမန်းကတန်း ပြန်ဆင်းလာခဲ့၏။

အရေးပိုင်မင်း သိလျှင် မိုးမီးလောင်တော့မှာ သေချာ၏။ အစေခံမလေးသည် အိမ်၌ ဆက်ပြီး အလုပ်မလုပ် ဝံ့တော့ဘဲ အမြန်ဆုံးအလုပ်ထွက်ရန် ဆုံးဖြတ်လိုက်၏။

အစေခံမလေးသည် တစ်ရက်နှစ်ရက်ခန့်ကြာသော အခါ မိခင်ကြီး နေမကောင်းခြင်းကို အကြောင်းပြပြီး





အရေးပိုင်မင်း၏ နေအိမ်မှ ထွက်ခဲ့လေ၏။

မမြမှုသည် လူယုတ်မာခင်ရီနှင့်အချစ်ပလူးရန်အတွက် အိမ်စေမလေး မရှိလျှင် ပိုမို လွတ်လပ်မည်ဟု သဘောထား ကာ အလွယ်တကူ အလုပ်ထွက်ခွင့်ပြုလိုက်လေ၏။

အိမ်စေမလေးသည် အလုပ်မှ ထွက်ပြီး အကြော်စုံ ရောင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အိမ်စေမလေးသည် ပူပြင်းသော နေရောင်အောက်၌ အကြော်စုံလည်ရောင်းရင်း ခေါင်းထဲတွင် မူးဝေပြီး လဲကျမေ့မျောသွားလေ၏။

ထိုသို့မေ့မျောသွားချိန်၌ အရေးပိုင်မင်း၏ ကားသည် တိုက်တိုက်ဆိုင်ဆိုင် သူမ အရှေ့သို့ ရောက်လာပြီး ဆေးရုံသို့ ကားဖြင့် လိုက်ပို့ပေးလေ၏။

အစေခံမလေး သတိရလာသောအခါ အရေးပိုင်မင်းက





"နင်ငါ့အိမ်မှာ အေးအေးချမ်းချမ်း နေနိုင်ရက်နဲ့ ဘာဖြစ်လို့ နေပူထဲမှာ ပင်ပင်ပန်းပန်း ဈေးရောင်းရတာလဲ"

ဟုမေးမြန်းလိုက်ရာ အစေခံမလေးသည် အရေးပိုင်မင်းကို ဖြေဆိုရန် မဝံ့မရဲ ဖြစ်သွားလေ၏။

အရေးပိုင်မင်းက ကြောင်အမ်းအမ်းကြည့်နေသော အိမ်စေမလေးကို ကြည့်ပြီး နောက်တစ်ကြိမ် ထပ်မေးပြန်၏။

အိမ်စေမလေးသည် အရေးပိုင်၏ မေးခွန်းကို မဖြေနိုင်ဘဲ ခေါင်းကိုသာ ငုံ့နေလေ၏။ ပြီးနောက် အရေးပိုင်မင်းကို လက်အုပ်ချီပြီး

"ကျေးဇူးရှင် အရေးပိုင်မင်းကို ထိုင်ကန်တော့ ခွင့်ပြုပါ"

ဟုပြောဆိုပြီး အရေးပိုင်မင်းကို ထိုင်ကန်တော့လေ၏။ အရေးပိုင်မင်း ပြန်လည်ထွက်ခွာကာနီး၌ အစေခံမလေးက လက်အုပ်ချီပြီး

www.burmeseclassic.com



"မိချောင်းမင်း ရေခင်းပြတယ်မထင်ပါနဲ့ရှင်.. အရေး ပိုင်မင်း ကိုယ့်မိသားစုကို ဂရုစိုက်လိုက်ပါဦး"

ဟုပြောလိုက်လေ၏။

အရေးပိုင်မင်းသည် သူမကို မေးမြန်းရန် ကြံလိုက် ပြီး နောက် စိတ်ကူးပြောင်းသွားဟန်ဖြင့် မမေးတော့ဘဲ ကျောခိုင်း ထွက်ခွာသွားလေ၏။





"အရေးပိုင်မင်းသည်
မြင်ရသောမြင်ကွင်းကြောင့်
မျက်လုံးများပြာဝေပြီး
သွေးများ ပွက်ပွက်ဆူလာကာ...."



www.burmeseclassic.com

www.burmeseclassic.com



အရေးပိုင်မင်းသည်နောက်တစ်နေ့ ရုံးအလုပ်များ လုပ်ကိုင်နေရင်း အစေခံမလေး၏ စကားများကို ပြန်လည်ကြားယောင်လာပြီး ယနေ့ အိမ်သို့စောစော ပြန်ရန် ဆုံးဖြတ်လိုက်၏။

အရေးပိုင်မင်းသည် ကားကို ကိုယ်တိုင်မောင်းပြီး ပြန်လာခဲ့လေ၏။





အိမ်သို့ ရောက်သောအခါ တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေပြီး ဧည့်ခန်းထဲတွင် သားလေး မောင်ချစ်မြ အိပ်ပျော်နေကြောင်း တွေ့ရလေ၏။

အရေးပိုင်မင်းသည် ဇနီးဖြစ်သူကို အံ့သြစေလိုသော ရည်ရွယ်ချက်ကြောင့် အသံမပေးဘဲ အိမ်ပေါ်ထပ်သို့ တက်ခဲ့လေ၏။ အပေါ်ထပ်သို့ ရောက်သောအခါ အိပ်ခန်းတံခါး ပိတ်ထားသဖြင့် အရေးပိုင်မင်းသည် မိမိ၌ ရှိသော သော့ပိုဖြင့် တံခါးကိုအသာအယာဖွင့်လိုက်၏။

ထိုအခါ အိပ်ခန်းထဲ၌ အချစ်နာလန် ထနေသော ခင်ရီနှင့် မမြမူတို့ စုံတွဲကို ပက်ပင်းမိလေ၏။ အရေးပိုင်မင်းသည် မြင်ရသောမြင်ကွင်းကြောင့် မျက်လုံးများ ပြာဝေပြီး သွေးများ ပွက်ပွက်ဆူလာကာအမှားအမှန် မမြင်နိုင်တော့ဘဲ ခြောက်လုံးပြူးသေနတ်ကို ထုတ်ကာ လူယုတ်မာ ခင်ရီအား



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်းခနဲပစ်ခတ်လိုက်၏။

သို့သော် အရေးပိုင်မင်း စိတ်လှုပ်ရှားနေသဖြင့် ခင်ရီကို မထိဘဲ လွဲချော်သွားလေ၏။

မျောက်ဖတ်ခင်းနေသော မမြမှူလည်း ခုတင်ပေါ်မှ ကမန်းကတန်း ထပြေးလေ၏။

အရေးပိုင်မင်းသည် ရှက်ဒေါသကြောင့် မည်းမည်း မြင်ရာကို တဒိုင်းဒိုင်း ပစ်ခတ်လေရာ တဏှာရူးခင်ရီ၏ ရင်ဘတ်၌ သေနတ်ဒဏ်ရာ တစ်ချက်ထိကာ အိမ်ပေါ်က ထွက်ပြေးလွတ်မြောက်သွားလေ၏။

အရေးပိုင်မင်းသည် ကြမ်းပေါ်တွင် လဲကျနေသော မမြမှူကို နောက်ဆုံး ကျန်နေသော ကျည်တစ်တောင့်ဖြင့် ပစ်ခတ်ရန်ကြံလိုက်၏။

မမြမှူက အထိတ်ထိတ် အလန့်လန့်





"မလုပ်ပါနဲ့ ကိုကိုရယ်...ကြောက်လှပါပြီ... တောင်းပန်ပါတယ်"

ဟုတောင်းပန်လေ၏။

အရေးပိုင်မင်းသည် ရင်ထဲတွင် နာကျင်လွန်းသဖြင့် မမြမှူကိုအသေသတ်ရန်ကြံလိုက်၏။

ထိုအခိုက်မှာပင် သူတို့ အနောက်မှ

"အမေ့ကို မပစ်ပါနဲ့ ဖေဖေရယ်...မပစ်ပါနဲ့"

ဟုသော အသံကို ကြားရပြီး မမြမှူ၏ အရှေ့သို့ သားဖြစ်သူ မောင်ချစ်မြတ် ပြေးဝင်ပြီး ကာဆီးထားသဖြင့် အရေးပိုင်မင်းသည် အခက်ကြုံသွားလေ၏။

အရေးပိုင်မင်းသည် သားဖြစ်သူ၏ တဆာဆာ တောင်းပန်နေသော အမူအရာကို မကြည့်ရက်သောကြောင့် အံကိုတင်းတင်းကြိတ်ပြီး သေနတ်ကိုလွှတ်ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိဒေါသ ရှေ့ထားပြီး မိန်းမယုတ်ကို သတ်ဖြတ်မိလျှင် သားဖြစ်သူ မိခင်မဲ့သွားပေလိမ့်မည်။

အရေးပိုင်မင်းသည် စိတ်နောက်ကိုယ်ပါ ပြုမိသောကြောင့် အလုပ်မှ ရပ်နားခြင်းခံရပြီး အရက်တကွဲ အကျိုးနည်းဖြစ်ရလေ၏။

အရေးပိုင်မင်းသည် မယားဖြစ်သူကို ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် အိမ်ပေါ်က မောင်းနှင်ထုတ်လိုက်လေ၏။

မမြမူသည် အရေးပိုင်မင်း အိမ်ပေါ်က နှင်ချခံရသောအခါ နောင်တကြီးစွာရပြီး ငိုယိုလေ၏။

မမြမူက အရေးပိုင်မင်းကို ကန်တော့ရင်း

“ဒါတွေအားလုံးဟာ ကျွန်မတို့ မိုက်မဲမှုကြောင့် ဖြစ်ရတယ်ဆိုပေမဲ့ ဆာဒူးကြီးရဲ့ကျိန်စာကို အစ်ကိုကြီး သတိရပါ





ဒီလိုဖြစ်ဖို့အတွက် ဆာဒူးကြီးရဲ့ကျိန်စာက ဖန်တီးခဲ့တာပါ”

ဟုပြောရင်း အိမ်ပေါ်မှ နောင်တကြီးစွာရပြီး ဆင်းသွားလေ၏။



www.burmeseclassic.com

အရေးပိုင်မင်းသည် ထိုနေ့မှ စပြီး အိမ်နှင့်ခြံကို ရောင်းကာ မထင်မရှား မြို့လေးတစ်မြို့၌ ဇာတ်မြှုပ်ပြီး နေထိုင်လေတော့၏။

အရေးပိုင်မင်းသည် အိမ်ထောင်ရေး အဆင်မပြေမှုကြောင့် စိတ်ဓာတ်ကျဆင်းကာ အရက်သမားကြီး လုံးလုံး





ဖြစ်သွားလေ၏။

အရေးပိုင်မင်းသည် မည်သည့် စီးပွားရေးအလုပ်ကိုမျှ မလုပ်ဘဲအရက်ကျွန်လုံးလုံး ဖြစ်သွားလေရာ မောင်ချစ်မြလေးသည်လည်း ဖခင်နှင့်အတူ ဆင်းရဲနွမ်းပါးစွာ နေထိုင်ရလေ၏။ အရေးပိုင်မင်းသည် နှစ်အတန် ကြာသောအခါ ထုခွဲရောင်းချစရာဆိုလို့ တစ်ခုမျှ မကျန်တော့ချေ။

ထိုအခါမှပင် မြို့ပေါ်ရှိ ကျောင်းသားအချို့အား အင်္ဂလိပ်ဘာသာပြပေးသော အလုပ်ကို လုပ်ကိုင်လေ၏။

မောင်ချစ်မြသည် ထိုကလေးများနှင့် ရောပြီး အင်္ဂလိပ်ဘာသာကို သင်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် အရေးပိုင်မင်းသည် တပည့်များကို စာပြရင်း မူးမေ့လဲသွားလေ၏။

အရေးပိုင်မင်း သတိရလာသောအခါ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့် လဲနေရာမှ အားယူထပြီး စာတိုက်သို့





သွားကာ သံကြိုးတစ်စောင် ရိုက်လိုက်လေ၏။

သံကြိုးရိုက်ပြီးနောက် တစ်စုံတစ်ယောက်ကို စောင့်မျှော်နေလေ၏။

ဖခင်ကစိတ်ဓါတ်ကျနေဟန် ရှိသော မောင်ချစ်မြ၏ ပခုံးကို ဖက်ပြီး

“အားမငယ်နဲ့ ငါ့သားအဖေစစ်ကူခေါ်ထားတယ်၊ သူတို့ရောက်လာလိမ့်မယ်”

ဟုပြောလေ၏။

မောင်ချစ်မြက

“အားမငယ်ပါဘူး အဖေရယ်၊ အဖေ့ကျန်းမာရေးကိုသာ ဂရုစိုက်စမ်းပါ”

ဟုပြောလိုက်လေ၏။

မကြာမီရက်များအတွင်း အရေးပိုင်မင်း နေထိုင်သော



www.burmeseclassic.com

www.burmeseclassic.com



အိမ်စုတ်ကလေးသို့ သက္ကလပ်ဘောင်းဘီနှင့် ကုတ်အင်္ကျီ ဝတ်ဆင်ထားသော လူကြီး တစ်ဦးရောက်လာပြီး ဖခင်၏ ပခုံးကို ဖက်ကာ

"ဖြစ်ရလေ သာဒွန်းရယ်..ဘာကြောင့်များ ငါတို့ကို နှစ်ရှည်လများ အဆက်ဖြတ် ထားရတာလဲကွာ"

ဟုဆိုလိုက်ရာ အရေးပိုင်မင်းက အံကို ကြိတ်ပြီး

"ကျုပ်ရှက်လွန်းလို့ပါဗျာ.. ဒီကောင်မကြောင့် ကျုပ် လောကမှာ လူလုပ်လို့ မရတော့ဘူး၊ ဘယ်အမျိုးအဆွေ ကိုမှ မျက်နှာမပြဝံ့တော့ဘူး၊ ဒါကြောင့် အသိအကျွမ်းတွေနဲ့ ဝေးတဲ့ နေရာကို ရှောင်ပြေးနေတာပါ"

ဟုပြောလိုက်ရာ လူကြီးက သက်ပြင်းချပြီး

"ဘဝဆိုတာ ဒီလိုပါပဲကွာ၊ အမြဲတန်း သာယာ ဖြောင့်ဖြူးတယ်ဆိုတာ မရှိပါဘူး၊ အရေးကြီးတာက လူဟာ





ကိုယ့်ဘဝနဲ့ကိုယ်ရှင်သန်နေဖို့ပဲ၊ ဒါပေမဲ့ လူတွေဟာ များသောအားဖြင့်သူများအတွက် ရှင်သန်နေကြတာကွ၊ လူ့ဘဝကို သေသေချာချာ စဉ်းစားကြည့်စမ်းပါ၊ သူတစ်ပါး အထင်ကြီးဖို့၊ အများအမြင်မှာ တင့်တယ်ဖို့ ဆိုတဲ့အကြောင်း ပြချက်တွေနဲ့ ကိုယ့်ဘဝကိုကိုယ် အကျဉ်းကျအောင် လုပ်နေ ကြတာများပါတယ်၊ ဒီလိုနဲ့ဘဝမှာ နေထိုင်ရတာ လွတ်လပ်မှု မရှိတော့ဘူး၊ သူတစ်ပါးရဲ့ အကျဉ်းသားဖြစ်သွားတယ်၊ အိမ်ထောင်ရေး ဖောက်ပြန်မှုဆိုတာ ကံအကြောင်းမလှတဲ့ အိမ်ထောင်ရှင်တိုင်း ကြုံတွေ့ရတာပါဘဲ..ဒါဟာ နှလုံးသွင်း ဘတ်ရင်တော့သံဝေဂရစရာ ကောင်းပါတယ်၊ ဒါပေမဲ့ နှလုံးသွင်းမှားရင်တော့ မင်းလို ဘဝမျိုးနဲ့ရင်ဆိုင်ရတတ် တယ်၊ မင်းမိန်းမလည်း တစ်နယ်တစ်ကြေးမှာ သေဆုံးသွားပြီ လို့ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး မောင်ချစ်မြကို ကြည့်ကာ

"ဒါက မင်းရဲ့သားလား ဥပတိရုပ် ကောင်းလိုက်တာ"

ဟုချီးမွမ်းလိုက်ရာ အရေးပိုင်မင်းက

"ကျုပ်သားကြောင့်ပဲ အစ်ကိုကြီးကို ခေါ်လိုက်ရတာ ပါ၊ ကျုပ်မရှိရင် ကျုပ်သားကို စောင့်ရှောက်ပါနော်"

ဟုဆိုလိုက်ရာ လူကြီးက ခေါင်းညိတ်ပြီး

"စိတ်ချပါကွာ၊ မောင်ချစ်မြကို ငါ တစ်သက်လုံး စောင့်ရှောက်မှာပါ"

ဟုပြောလေ၏။

ထိုအခါ ဖခင်ဖြစ်သူက မောင်ချစ်မြ ဘက်လှည့်ပြီး

"လူလေး၊ဒါဟာ မင်းရဲ့ဘကြီး ဦးဒီပတဲ့၊ အဖေရဲ့ အစ်ကိုကြီးပေါ့၊ ဘကြီးစကားကို မြေဝယ်မကျ နားထောင်ရမယ်နော်"





ဟုဆိုလိုက်ရာ မောင်ချစ်မြသည် ဦးဒီပ မျက်နှာကို ကြည့်ပြီး ခေါင်းညိတ်ပြလိုက်၏။

ဦးဒီပသည် ညီဖြစ်သူ၏ ကျန်းမာရေး ပြန်လည်ကောင်းမွန်အောင် မြို့ပေါ်ရှိ ဆရာဝန်ကြီးကို ပင့်ဖိတ်ပြီး ကုသရန် ကြိုးစားသော်လည်း အရေးပိုင်မင်းသည် ကာလရှည်ကြာစွာ အရက်ကို အဖော်ပြုခဲ့သဖြင့် ကျန်းမာရေး အကြီးအကျယ် ယို့ယွင်းနေလေပြီ။

နောက်ဆုံးတွင်မူ ဆရာဝန်ကြီးကိုယ်တိုင် လက်လျှော့လိုက်ရသော တစ်နေ့၌ အရေးပိုင်မင်း ဘဝတစ်ပါးသို့ ကူးပြောင်းသွားလေ၏။

မောင်ချစ်မြသည် ဖခင်အတွက် ဝမ်းနည်းလွန်းသဖြင့် ရှိုက်ငိုနေမိ၏။ ထိုအခါ ဦးဒီပက

"ယောကျ်ားဆိုတာ မငိုရဘူးကွ၊ စိတ်ဓာတ် ခိုင်မာ ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ငိုတယ်ဆိုတာ မိန်းမနဲ့ ကလေးတွေကို သဘာဝ တရားကပေးတဲ့လက်ဆောင်ပဲ၊ ဒီလက်ဆောင်ဟာ ယောကျ်ားတွေအတွက် မဟုတ်ဘူး"

ဟုပြောလေ၏။

ဦးဒီပ၏ စကားကြောင့် မောင်ချစ်မြသည် မငိုတော့ဘဲ ငြိမ်သက်သွားလေ၏။ ဦးဒီပသည် အရေးပိုင်မင်းကိစ္စပြီးသောအခါ မောင်ချစ်မြကို ခေါ်ဆောင်သွားလေ၏။





" သူတို့ဟာ အလွန်ထူးခြားတဲ့စွမ်းရည်ရှိပြီး
အင်မတန်လဲ ရက်စက်ကြမ်းကြုတ် တယ်၊
သူတို့ထက်အများကြီးတဲ့ ရေသတ္တဝါကြီးတွေကို
တောင် ပရိယာယ် မာယာ သုံးပြီး အနိုင်ယူတတ်တယ် "



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပသည် ကမ်းရိုးတန်း ရွာကလေး တစ်ရွာ၌ နေထိုင်လေ၏။

ထိုရွာတစ်ရွာလုံးတံငါ အလုပ်ဖြင့် အသက်မွေး ဝမ်းကြောင်းကြလေ၏။

ဦးဒီပ ရွာသို့ပြန်လာသောအခါ ရွာသူရွာသားများ သည် ခင်မင်ရင်းနှီးဟန်ဖြင့် လာရောက် နှုတ်ဆက်ကြ လေ၏။





ဦးဒီပ၏ ထူးခြားချက်မှာ ရွာထဲတွင် မနေဘဲ ရွာပြင်၌ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးတစ်ဆောင် ဆောက်လုပ်ပြီး နေထိုင်လေ၏။

ဦးဒီပ၏တစ်အိမ်လုံးတွင် ငါးကန်များ ပြည့်နေပြီး ငါးကန်ထဲတွင်လည်း ရေသရဲဟု အများခေါ်လေ့ရှိသော ဘဝဲကောင်များကို တွေ့ရလေ၏။

အိမ်အပေါ်ထပ် အခန်းကျယ် ကြီးထဲတွင် ဓာတုဗေဒ စမ်းသပ်ကရိယာအမျိုးမျိုးကိုလည်း တွေ့ရလေ၏။ မောင်ချစ်မြသည် ဦးဒီပ၏ အလုပ်အကိုင်ကိုစိတ်ဝင်စားလာသဖြင့် မေးမြန်းကြည့်ရာ ဦးဒီပက

"လူဟာ စူးစမ်းချင်တဲ့ သတ္တဝါပဲကွ၊ စူးစမ်းချင်စိတ်ရှိလို့လဲ သိပ္ပံပညာ တိုးတက်လာရတာ၊ ငါလဲ ဘဝဲကောင်တွေကို စူးစမ်းချင်လို့လေ့လာ နေတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်၏။

မောင်ချစ်မြက မျက်မှောင်ကြုတ်ပြီး

"ဘကြီးက ရေဘဝဲကောင်တွေကိုမှ ရွေးပြီးဘာကြောင့် စိတ်ဝင်စားရတာလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါ ဦးဒီပက

"ရေဘဝဲကောင်တွေဟာ ကမ္ဘာပေါ်မှာ အဆန်းကြယ်ဆုံးသတ္တဝါ တွေလို့ ငါယူဆတယ်၊ သူတို့ဟာ အလွန်ထူးခြားတဲ့စွမ်းရည်ရှိပြီး အင်မတန်လဲ ရက်စက်ကြမ်းကြုတ်တယ်၊ သူတို့ထက်အကောင်ကြီးတဲ့ ရေသတ္တဝါကြီးတွေကို တောင် ပရိယာယ် မာယာ သုံးပြီး အနိုင်ယူတတ်တယ်၊ တကယ်တော့ ငါနှစ်ပေါင်းများစွာ စူးစမ်း လေ့လာနေတာ ရေဘဝဲရဲ့မာယာကိုကွ"

ဟုပြောလိုက်ရာ မောင်ချစ်မြက သက်ပြင်းချပြီး





"လောကမှာ အလွန် ပရိယာယ်မာယာများတဲ့ လူ့သဘာဝကိုတောင်လေ့လာမယ် ဆိုရင် မဆုံးနိုင်သေးဘူး၊ ဘကြီး ရေဘဝဲက လူလောက် မာယာ များပါ့မလားဗျာ"

ဟုဆိုလိုက်ရာ ဦးဒီပက သဘောကျဟန်ဖြင့် ရယ်မောလိုက်ရင်း

"မင်းမဆိုးဘူး၊ ခေါင်းထဲမှာ ဦးနှောက်ရှိသားပဲ၊ မင်းပြောတာ မှန်ပါတယ်၊ လောကမှာ လူထက်ပိုပြီး မာယာများတဲ့သူ မရှိဘူး၊ ဒါပေမဲ့ ငါလေ့လာနေတဲ့ ရေဘဝဲတွေရဲ့ မာယာဆိုတာ မင်းပြောတဲ့ မာယာနဲ့ မတူဘူးကွ"

ဟုပြော၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့များတွင် ရှာသားများသည် ဦးဒီပထံသို့ ရေဘဝဲအရှင်များ လာရောက် ရောင်းချလေ၏။ ဦးဒီပသည် ရှာသားများရောင်းချသမျှ ရေဘဝဲအရှင်များကို ဝယ်ယူလေ၏။

မောင်ချစ်မြသည် ဦးဒီပ တံငါရွာ၌ နေထိုင်ရခြင်း အကြောင်းကို ရိပ်စားမိသွားလေ၏။

ဦးဒီပသည် မည်သည့် အသက်မွေးဝမ်းကြောင်း





အလုပ်ကိုမျှ မလုပ်ဘဲ တံငါများ လာရောက်ရောင်းချသော ရေဘဝဲ အရှင်များကို ဝယ်ယူနေ၏။

မောင်ချစ်မြသည် ဦးဒီပ၏ အလုပ်များကို ကူညီလုပ်ကိုင်ပေးရင်း စူးစမ်းကြည့်ရာ

"ဘကြီးမှာ ဘာအလုပ်မှမရှိဘဲ ရွာသားတွေလာရောင်းသမျှရေဘဝဲတွေကို ဝယ်နေတယ် ဆိုတော့ ဘကြီးမှာ ပိုက်ဆံတော်တော်ရှိမှာပေါ့"

ဟုမေးမြန်းလိုက်၏။

ထိုအခါ ဦးဒီပက ရယ်မောပြီး

"ငါက ဘိလပ်မှာ ဓာတုဗေဒပညာကို သင်ယူခဲ့တာကွ၊ ငါ့ဘဝတစ်ခုလုံး ဒီပညာရပ်ထဲမှာပဲ မြုပ်နှံထားခဲ့တာ၊ ငါတို့ မိဘတွေဟာ မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝကြတယ်၊ ဒါ့ကြောင့်လဲ မတောင့်မတနေနိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။

ဦးဒီပသည် တံငါရွာလေးတွင် နေထိုင်ပြီး ဘဝဲကောင်များကို လေ့လာနေသည်မှာ နှစ်များစွာ ကြာပြီဟု သိရ၏။

ဦးဒီပသည် ဘဝဲအရှင်မျိုးစုံကို ကန်များထဲသို့ ထည့်ပြီး နေစဉ်နှင့်အမျှ လေ့လာစူးစမ်း နေ၏။ ဦးဒီပသည် ဘဝဲ များနှင့် ပတ်သက်ပြီး တစ်ခါတစ်ရံ စိတ်လိုလက်ရ ပြောပြ တတ်၏။

"ဘဝဲနဲ့ကင်းမွန်ဟာ မျိုးနွယ်တစ်ခုတည်းမှာ ပါဝင်တဲ့ သတ္တဝါတွေပဲကွ၊ ကင်းမွန်ဟာ လက် ၁၀ ဖက်ရှိပြီး ပင်လယ်မှာ သူတို့ထက် အဆများစွာကြီးတဲ့ သတ္တဝါတွေ ကိုတောင် ဖမ်းပြီး စားသောက်တတ်လို့ ကြောက်စရာ အကောင်းဆုံး သတ္တဝါလို့ သတ်မှတ်ထားတယ်၊ ဘဝဲဟာ လက် ၈ ဖက် ရှိပြီး ကြောက်စရာ သားစားသတ္တဝါထဲ မှာပါဝင်တယ်၊ သူတို့ဟာ တစ်ခါတရံမှာ





ရေထဲက သတ္တဝါတွေနဲ့ တိုက်ခိုက်ရင်း ကိုယ်ယောင်ဖျောက်ပြီး ထွက်ပြေးချင်တဲ့အခါ သူတို့ ကိုယ်က အမည်းရောင် မင်ရည်တွေကို ထုတ်ပြီး ပြိုင်ဘက်တွေကို လှည့်စားတတ်တယ်၊ ကင်းမွန်လဲ ရေဘဝဲလို အမည်းရောင် မင်ရည်တစ်မျိုး ထုတ်ပြီး ရန်သူလက်က ထွက်ပြေးကြတယ်၊ ငါ စိတ် အဝင်စားဆုံးက ကင်းမွန်တွေရဲ့ အရပ်ဒေသအလိုက် အရောင် ပြောင်းလဲမှုပဲကွ၊ ကင်းမွန်တွေကို နှစ်ရှည်လများ လေ့လာနေတာ သူတို့ရဲ့ အရောင်ပြောင်းလဲမှုကို သိချင်လို့ပဲ"

ဟုပြောလေ၏။ ဦးဒီပသည် သူ၏ ကင်းမွန်သုတေသန အလုပ်ကို တစ်နှစ်ပြီး တစ်နှစ် စိတ်နှစ်ပြီး ဆက်လက်လုပ်ကိုင်နေ၏။

မောင်ချစ်မြသည်လည်း ဦးဒီပ၏ သုတေသန အလုပ်များကို ကူညီလုပ်ကိုင် ပေးနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးဒီပသည် ကင်းမွန်များကို နည်းအမျိုးမျိုးဖြင့် ဓာတ်ခွဲစမ်းသပ်ပြီးနောက် တစ်နေ့တွင် စိတ်လှုပ်ရှားဟန်ဖြင့် အော်ဟစ်လိုက်ရာ မောင်ချစ်မြသည် ဦးဒီပထံသို့ ကမန်းကတန်း ရောက်သွားပြီး

"ဘာဖြစ်လို့လဲ ဘကြီး"

ဟု မေးမြန်းလိုက်ရာ ဦးဒီပက ဝမ်းမြောက်ဝမ်းသာ အမူအရာဖြင့်

"ငါရဲ့နောက်ဆုံး စမ်းသပ်မှုအောင်မြင်ပြီကွ၊ ကင်းမွန်တွေရဲ့အရောင်ခြယ် ဓာတ်ကို ငါသိပြီ၊ မကြာမီ ငါ့ရဲ့စမ်းသပ်ချက် နောက်ဆုံးအဆင့်ကို ရောက်တော့မယ်"

ဟု ပြောလေရာ မောင်ချစ်မြက မျက်မှောင်ကြုတ်ပြီး

"ဘကြီးရဲ့စမ်းသပ်ချက် နောက်ဆုံးအဆင့် ဆိုတာ ဘာလဲ"





ဟုမေးမြန်းလေရာ ဦးဒီပက အားတက်သရော အမူအရာဖြင့်

"မင်းကို အချိန်တန်ရင် ရှင်းပြပါမယ်ကွာ၊ အချိန်မတန်သေးလို့လျှို့ဝှက်ထားရတာပါ"

ဟုပြောလေရာ မောင်ချစ်မြက အားမလို အားမရ ဖြစ်ပြီး

"ကျုပ်ကို လျှို့ဝှက်ထားစရာ လိုလို့လား ဘကြီး ရယ်၊ ဘကြီးရဲ့စမ်းသပ်ချက်ကြီးက ဘယ်လောက် အဘိုး တန်လို့လဲ"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ ဦးဒီပက လေးနက်သောအမူအရာဖြင့်

"အဘိုးတန်တာပေါ့ကွာ၊ ငါလုပ်မဲ့ စမ်းသပ်ချက်သာ အောင်မြင်ခဲ့ရင် မြန်မာပြည်ကြီးကိုတောင် သူ့ကျွန်လက်က



www.burmeseclassic.com

www.burmeseclassic.com



ကယ်တင်နိုင်ဦးမယ်၊ မကြာမီကင်းမွန်တွေရဲ့လျှို့ဝှက်ချက်ကို မင်းသိရတော့မှာပါ"

ဟုပြောလေရာ မောင်ချစ်မြသည် သူ၏ သိချင်စိတ်ကို မျိုသိပ်ထားလိုက်ရ၏။

ဦးဒီပသည် ထိုအချိန်မှစပြီး သူ၏ သုတေသန လုပ်ငန်းကို ပိုမိုပြီး သဲကြီးမဲကြီး လုပ်လေ၏။

ဦးဒီပသည် အိမ်ပေါ်ထပ်ရှိ သူ၏ စမ်းသပ်ခန်းထဲမှ မထွက်တော့ဘဲ ကင်းမွန်များနှင့်သာ အချိန်ကုန်နေ၏။

ဦးဒီပ၏ စမ်းသပ်ခန်းအတွက် ရွာသားများ ပို့ဆောင်ပေးသော ကင်းမွန်များကို မောင်ချစ်မြက လက်ခံယူပြီး ဦးဒီပထံပို့ဆောင်ပေးလေ၏။

ဦးဒီပသည်ကင်းမွန်များကိုလက်ခံယူသည့် အခါတိုင်း အားတက်သရော အမူအရာဖြင့်





"အောင်မြင်တော့မယ်ကွ၊ ကင်းမွန်တွေရဲ့အရောင် ပြယ်မှတ်ကို ငါသိနားလည်တော့မယ်၊ စိတ်လှုပ်ရှားစရာ ကောင်းလိုက်တာကွာ"

ဟု ပြောလေ၏။ မောင်ချစ်မြသည် ဦးဒီပ၏ စမ်းသပ်ချက်များ အောင်မြင်တော့မည် ဖြစ်ကြောင်း ရိပ်စားမိသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မောင်ချစ်မြတို့ ရွာ၏အလှူသို့ မြို့မှ ကွက်စိတ်ဆရာ ဆရာမြ ဆိုသူ လာရောက် ဟောပြောမည် ဖြစ်ကြောင်း သိရလေ၏။

မောင်ချစ်မြသည် အလှူပွဲနေ့တွင် ကွက်စိတ်ပွဲကို ကြည့်ရှုရန် အလွန်စိတ်အားထက်သန်နေသဖြင့် ဦးဒီပထံတွင် ခွင့်ပန်လေ၏။

ဦးဒီပက ခွင့်ပြုသော အခါ ရွာအလှူပွဲသို့ ပျော်ရွှင်စွာ





ထွက်ခဲ့လေ၏။

ရွာအလှူပွဲ ကျင်းပရာနေရာသို့ ရောက်သောအခါ ကွက်စိတ်ပွဲ ကျင်းပရာ စင်မြင့်ကို သားနား သပ်ရပ်စွာ ပြင်ဆင်ထားပြီး စင်မြင့်၏ရှေ့ဆုံးတွင် သူကြီးမင်း ကြည့်ရှုရန် အတွက် ကတ္တီပါခင်း ကုလားထိုင်ကြီး တစ်လုံး ခင်းကျင်း ထားလေ၏။

သူကြီးမင်းနှင့်ရွာသူရွာသားများစုံသောအခါ ကွက်စိတ်ဆရာကြီးသည် စင်မြင့်ပေါ်သို့ တက်လာပြီး ဝိဓူရ ဇာတ်ကို အဆိုအငို အပြော ပိုင်ပိုင်နိုင်နိုင်ဖြင့် ဟောပြောလေရာ ရွာသူရွာသားများအလွန်သဘောကျပြီးလက်ခုပ်တဖြောင်းဖြောင်း တီးကာ အားပေးကြလေ၏။

မောင်ချစ်မြသည် ကွက်စိတ်ပွဲပြီးသောအခါ ရွာထဲမှ အိမ်ရှိရာသို့ပြန်လာလေ၏။

မောင်ချစ်မြ အိမ်သို့ ပြန်ရောက်သောအခါ နံနက်



www.burmeseclassic.com

www.burmeseclassic.com



အရက်တက်အချိန်သို့ပင် ရောက်ရှိနေလေ၏။

မောင်ချစ်မြသည် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသဖြင့် ဦးဒီပ အိပ်ပျော်နေသည်ဟု ယူဆကာ အိပ်စက်ရန်အတွက် အခန်းထဲသို့ ဝင်ခဲ့၏။

ထိုအခိုက်မှာပင် အောက်ထပ်ရှိ ငါးကန်များ အားလုံးကွဲကြေနေပြီး ကင်းမွန်များ ကြမ်းပေါ်တွင် သေဆုံးနေသဖြင့် မျက်လုံးပြူးသွားလေ၏။

မောင်ချစ်မြသည် ဦးဒီပအတွက် အလွန်စိုးရိမ်သွားပြီး အိမ် ပေါ်ထပ်သို့ ပြေးတက်ကာ မီးများထွန်းလိုက်၏။

ထိုအခါ ဖန်ပေါင်းချောင်အနီး၌ လဲကျနေသော ဦးဒီပကို တွေ့လိုက်ရလေ၏။ မောင်ချစ်မြက စိုးရိမ်တကြီးနှင့် ဦးဒီပကို ပြေးပွေ့ပြီး

"ဟင်...ဘကြီး...ဘကြီး...တစ်ကိုယ်လုံး သွေးတွေနဲ့ ပါ





လား၊ ဘယ်လိုဖြစ်တာလဲဗျာ"

ဟုရေရွတ်လိုက်ရာ ဦးဒီပ၏ မျက်လုံးများ ပွင့်လာပြီး

"လူလေးပြန်လာပြီ၊ ဘကြီးကို ဓားပြတွေ လုပ်သွားတာကွ၊ သူတို့ စမ်းသပ်ခန်းတစ်ခုလုံး ဖျက်ဆီးသွားကြတယ်၊ ငါ့ရဲ့ စမ်းသပ်ချက် အောင်မြင်ခါနီး အချိန်ရောက်မှ ဒီလို ဖြစ်ရတာ ငါ သိပ်ရင်နာတယ်၊ ဒီကောင်တွေကို ငါ လက်စားချေချင်လို့ မင်းပြန်လာမဲ့ အချိန်ကို စောင့်နေတာ၊ ငါမနေရ တော့ဘူး"

ဟုဆိုသဖြင့် မောင်ချစ်မြက ဝမ်းနည်းကြေကွဲ သွားပြီး

"အားတင်းထားပါ ဘကြီးရယ်"

ဟုပြောလေရာ ဦးဒီပက

"ငါ့အခြေအနေကို ငါသိတယ်ကွ၊ ဒဏ်ရာက သွေးတွေ သိပ်လွန်နေပြီ၊ ဘယ်လိုမှ ကယ်လို့ မရတော့ဘူး"

ဟုဆိုလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် မိမိ၏ ပယောဂကြောင့် ဦးဒီပ စားပြတိုက်ခံရခြင်းဟု ယူဆကာ မိမိကိုယ်မိမိ အပြစ်တင်မိလေ၏။

ဦးဒီပက သွေးများကို အန်ချလိုက်ပြီး

"တကယ်တော့ လူလေးအိမ်မှာရှိနေရင်လဲ စားပြသတ်လို့ သေမှာပဲ၊ စားပြတွေကအင်အားများတယ်၊ ဘာပဲ ဖြစ်ဖြစ်ဒီကောင်တွေကို လက်စားချေရမှ ကျေနပ်မယ်"

ဟုပြောလိုက်ရာမောင်ချစ်မြက လက်သီးဆုပ်ပြီး

"ဘကြီးအတွက် ဒီကောင်တွေကို လက်စားချေပါ့မယ်၊ ကျုပ်ကတိ ပေးပါတယ်ဗျာ"

ဟုဆိုလိုက်ရာ ဦးဒီပက သွေးများအန်လိုက်ပြီး

"လူလေးဘကြီးအနားကိုတိုးစမ်း၊ ဘကြီးရဲ့သုတေသနအလုပ်ရဲ့လျှို့ဝှက်ချက်ကို ပြောပြမယ်၊ အလင်းတိုင်းခြင်းဆိုင်ရာ သီအိုရီအရ ဆိုရင် လူ့ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေကို





ထုတ်ချင်းပေါက် မြင်နိုင်အောင် ဖန်တီးနိုင်တယ်ကွ၊ ဒီသီအိုရီကိုအခြေပြုပြီး ကင်းမွန်တွေဆီက အရောင်ခြယ် ဓာတ်ကနေကိုယ်ပျောက်ဆေးဖော်လို့ရတယ်"

ဟုပြောလေ၏။ မောင်ချစ်မြသည် ဦးဒီပ၏ ကိုယ်ပျောက်ဆေးဆိုသော စကားကြောင့် မျက်လုံးပြူးသွားပြီး

"ကိုယ်ပျောက်ဆေး ဟုတ်လား၊ ဘကြီးရဲ့ ဆေးကဖြစ်နိုင်ပါ့မလားဗျာ"

ဟုမေးမြန်းလိုက်ရာ ဦးဒီပက

"ဖြစ်နိုင်တာပေါ့ကွာ၊ ကင်းမွန်တွေမှာ ကိုယ်ပျောက်နိုင်တဲ့အစွမ်းရှိတယ်၊ သူတို့ဟာ ရန်သူနဲ့ တွေ့လို့ ကိုယ်ပျောက်ချင်ရင် သူတို့ရဲ့ အရောင်ခြယ်နိုင်ဓာတ်ကို ပြောင်းလဲ လိုက်တယ်၊ ငါဟာ ကင်းမွန်နဲ့ရေဘဝဲ အမျိုးကို နှစ်ပေါင်း ၃၀ လုံးလုံးသုတေသနလုပ်ပြီး သူတို့ရဲ့ အရောင်ခြယ်ဓာတ်ကို ထုတ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေတာ အောင်မြင်နေပြီကွ၊ ပေါပေါများများ မထုတ်နိုင်သေးတာပဲရှိတယ်"

ဟုပြောလေရာ မောင်ချစ်မြသည် အလွန်အံ့သြ သွားလေ၏။

ဦးဒီပက အသက်ကိုခဲယဉ်းစွာရှူရင်း

"ပုလင်းထဲက အနီရောင်အရည်တွေဟာ ကင်းမွန်တွေရဲ့ အရောင်ခြယ်ဓာတ်တွေပဲ၊ ဒီအရောင်ခြယ်ဓာတ်ကို တစ်စက်နှစ်စက်လောက် သောက်လိုက်ရင် လူ့ခန္ဓာဟာ ၃ နာရီလောက်ပျောက်နေလိမ့်မယ်၊ ကင်းမွန်အရောင်ခြယ်ဓာတ်ကို ဓာတုဗေဒနည်းနဲ့ ပွားယူဖို့ ကြိုးစားနေတာ အောင်မြင်ခါနီး ဆဲဆဲမှာ လူ့လောကက ငါထွက်သွားရမှာ ဝမ်းနည်းတယ်"

ဟုပြောရင်း မောပန်းလာဟန်ဖြင့် ခဏနားလေ၏။





ပြီးနောက် ဦးဒီပက အသက်ကို ခဲယဉ်းစွာ ရှူလိုက်ပြီးနောက်

"မင်းကို နောက်ဆုံး မှာချင်တာက ကိုယ်ပျောက်ဆေးအစွမ်းကို အသုံးချပြီး ငါ့ရန်သူတွေကို လက်စားချေပေးပါ၊ ကိုယ်ပျောက်ဆေး အစွမ်းပြနေချိန်မှာ ရန်သူရဲ့လက်ချက်နဲ့ မင်းသေဆုံးခဲ့ရင်တော့ မင်းရဲ့ခန္ဓာကိုယ်ဟာ ကမ္ဘာမြေ ပေါ်က အပြီးတိုင် ပျောက်ဆုံးသွားလိမ့်မယ်၊ ရှင်းရှင်းပြော ရရင်တော့ မင်းရဲ့အလောင်းကိုသင်္ဂြိုဟ်ဖို့တောင် ရှာတွေ့ တော့မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ငါ့ရန်သူတွေကို မင်းရ အောင် ရှာပြီး လက်စားချေရမယ်"

ဟုပြောလေရာ မောင်ချစ်မြက အံကို ကြိတ်ပြီး

"စိတ်ချပါ ဘကြီးရယ်.ဓားပြတွေကို မရရအောင် ရှာပြီး ကျုပ်လက်စားချေပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုကတိပေးလိုက်လေ၏။

ဦးဒီပသည် မောပန်းဟန်ဖြင့် စကားဆက် မပြောနိုင်တော့ဘဲ ငြိမ်သက်သွားလေ၏။

ခဏကြာလျှင် မောင်ချစ်မြသည် ဦးဒီပ၏ခန္ဓာကိုယ်ကို လှုပ်ယမ်းကြည့်လိုက်ရာ ဦးဒီပသေဆုံးသွားကြောင်း သိလိုက်ရသဖြင့် ဝမ်းနည်းကြေကွဲ သွားလေ၏။

ထို့ကြောင့် ဦးဒီပ၏ရန်သူများကို မရရအောင် ရှာဖွေပြီး လက်စားချေရန် ဆုံးဖြတ်လိုက်၏။

မောင်ချစ်မြသည် ဦးဒီပ၏ နောက်ဆုံးမှာကြားချက် အရ ကင်းမွန်၏ အရောင်ခြယ်ဓာတ်မှ ထုတ်ယူထားသည် ဆိုသော ကိုယ်ပျောက်ဆေးပုလင်းကိုရှာဖွေပြီး သေချာစွာ သိမ်းဆည်းထားလိုက်၏။





“စောင့်ကြည့်နေရင်း မိမိ၏ခန္ဓာကိုယ်သည်
တဖြေးဖြေး မှုန်ဝါးသွားပြီး
အံ့ဩဖွယ် ပျောက်ဆုံးသွားကြောင်း
တွေ့လိုက်ရ၏။”



www.burmeseclassic.com

www.burmeseclassic.com



နံနက်မိုးလင်းသောအခါ ရွာသူရွာသားများကို ခေါ်ဆောင်ပြီး ဦးဒီပကို ဓားပြများ သတ်သွားကြောင်း အသိပေးလိုက်ရာ ရွာသူရွာသားများသည် ဦးဒီပအတွက် ဝမ်းနည်းကြေကွဲကြလေ၏။

မကြာမီမြို့မှ ပုလိပ်များ ရောက်လာပြီး ဦးဒီပ၏





အလောင်းကို စစ်ဆေးကြလေ၏။

မောင်ချစ်မြသည် ဦးဒီပ၏ ရွာပနကိစ္စပြီးသောအခါ ရွာသားများထံတွင် ဓားပြများနှင့် ပတ်သက်ပြီး စုံစမ်းလေရာ ဦးဒီပကို လုပ်ကြံသွားသော ဓားပြများသည် ကျွဲသတ်ကျွန်း၌ အခြေချလေ့ရှိသော ဓားပြပေါင်တိုတို့လူစု ဖြစ်နိုင်ကြောင်း သတင်းပေးလေ၏။

ပုလိပ်များ ကျွဲသတ်ကျွန်းကို သွားရောက် စစ်ဆေးသောအခါ ဓားပြပေါင်တိုတို့လူစု ကျွန်းမှ ရှောင်တိမ်းသွားကြောင်း သိရလေ၏။

မောင်ချစ်မြသည် ဦးဒီပ အတွက်လက်စားချေရန် ရည်ရွယ်ချက်ဖြင့် ဓားပြပေါင်တိုတို့လူစု၏ သတင်းကို အစဉ်နားစွင့်နေလေ၏။

မိမိ၌ လက်နက်လွှသူ အင်အား မရှိသော်လည်း ဦးဒီပ



www.burmeseclassic.com

www.burmeseclassic.com



တီထွင်ခဲ့သော ကိုယ်ပျောက်ဆေးအစွမ်းဖြင့် ဓားပြများကို ရင်ဆိုင်တိုက်ခိုက်ရန် ဆုံးဖြတ်ထား၏။

ထို့ကြောင့် ကိုယ်ပျောက်ဆေးကို ဦးစွာ စမ်းသပ်ရန် ကြံစည်လိုက်ပြီး ပုလင်းအဖုံးကို အသာဖွင့်ကာ အနံ့ခံ ကြည့်လိုက်ရာ ကင်းမွန်အရောင်ခြယ် ဆေးရည်များသည် အလွန် အနံ့ဆိုးလှကြောင်း တွေ့ရလေ၏။

မောင်ချစ်မြသည် အသက်အောင့်ပြီး အနီရောင် ဆေးရည်တစ်စက်ခန့် သောက်လိုက်ရာ ရင်ထဲတွင် ပူပြီး ဆင်း သွားလေ၏။

ပြီးနောက် စိတ်လှုပ်ရှားဟန်ဖြင့် မှန်ရှေ့၌ စောင့်ကြည့် နေလေ၏။

ထိုသို့စောင့်ကြည့်နေရင်း မိမိ၏ ခန္ဓာကိုယ်သည် တဖြေးဖြေး မှုန်ဝါးသွားပြီး အံ့ဩဖွယ် ပျောက်ဆုံးသွား





ကြောင်း တွေ့လိုက်ရ၏။

မောင်ချစ်မြသည် မှန်ထဲတွင် မိမိ ပုံရိပ်ကို မမြင်ရတော့ သဖြင့် အလွန် တုန်လှုပ်ချောက်ချားသွားလေ၏။ လောကတွင် မိမိ၏ ခန္ဓာကိုယ်ကို မြင်နိုင်သည့်သူ မရှိတော့ချေ။

ဦးဒီပ၏ ကိုယ်ပျောက်ဆေးအစွမ်းသည် အံ့ဩဖွယ် ထက်မြက်လှ၏။

ထိုဆေးအစွမ်းကို ယနေ့ပင် အသုံးချပြီး ဓားပြများကို ကျွဲသတ်ကျွန်းတွင် သွားရောက် ရှာဖွေရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

မောင်ချစ်မြသည် ညနေစောင်းသောအခါ ကိုယ်ပျောက်ဆေး စွမ်းမစွမ်းမှန်ထဲတွင် သေချာအောင် စမ်းသပ်ပြီးနောက် မိမိ၏ ပုံရိပ်ကို မမြင်ရသော အခါမှပင် အိမ်ထဲမှ စိတ်ချလက်ချထွက်ခဲ့၏။

သူသည် ကမ်းစပ်တွင် တွေ့ရသော တံငါလှေတစ်စီးကို





လှော်ခတ်ပြီးကျွဲသတ်ကျွန်းသို့ ထွက်ခဲ့လေ၏။

ကျွဲသတ်ကျွန်းသည် သူတို့ ရွာနှင့် အတော်အတန်ဝေး သော အရပ်၌ ရှိပြီးလူသူအရောက်အပေါက်နည်းသော ကျွန်းလေး တစ်ခုဖြစ်၏။

မောင်ချစ်မြ၏လှေ ကျွဲသတ်ကျွန်းနှင့် နီးသောအခါ မားပြ ပေါင်တို၏တပည့်နှစ်ဦးသည် ကမ်းစပ်၌ ထိုင်ပြီး ငါးများ ရင်း ကျားထိုးနေကြ၏။

ထိုသူနှစ်ဦးသည် ကျားထိုးရင်းကျွန်းဆီသို့ လှေတစ်စီး မျောပါလာကြောင်း တွေ့ရသဖြင့် တစ်ဦးက မျက်မှောင်ကြုတ် ပြီးကြည့်ကာ

"လှေပေါ်မှာ လူမပါဘူး၊ရေထဲမှာ မျောပါလာပုံရတယ်"

ဟုပြောလေ၏။ထိုအခါ ကျန်မားပြ တစ်ယောက်က မျောပါလာသော လှေကို ကြည့်ပြီး တအံ့တဩ ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ..လှေကို ကြည့်စမ်း။ ရေဆန်ကြီးမှာ မျောပါလာတယ်၊ ထူးဆန်းလိုက်တာ၊ လောကမှာရေကိုဆန်တက်ပြီး မျောပါတဲ့ လှေကို ဒီတစ်ခါပဲ တွေ့ဘူးသေးတယ်"

ဟုမယုံနိုင်ဟန်ဖြင့် ရေရွတ်လိုက်၏။ ကျန်ဓားပြ ကလည်း

"ဟုတ်ပါရဲ့ဗျာ၊ ဟော.. ပြောရင်း ဆိုရင်း ကျုပ်တို့ဘက်ကမ်းကို ကပ်လာပြီ"

ဟုတအံ့တသြ ပြောဆိုလေ၏။

မောင်ချစ်မြသည် မိမိကို ဓားပြများ မြင်ပုံမရဘဲ လှေကိုသာ မြင်ကြောင်း သိရသဖြင့် စိတ်အားတက်ကြွသွားလေ၏။

မောင်ချစ်မြ၏ လှေကမ်းကို ကပ်သောအခါ ဓားပြများသည် တအံ့တသြ ကြည့်ရှုနေကြ၏။

မောင်ချစ်မြသည် လူမပါသော လှေကို ကြောင်အင်း





အမ်းကြည့်နေသော ဓားပြနှစ်ဦးအား လှော်တက်ဖြင့် တစ်ချက်ပြီး တစ်ချက် ရိုက်လိုက်ရာ ဓားပြများသည် ရန်သူ ကို မမြင်ရဘဲ လေထဲသို့ မြောက်တက်လာသော လှော်တက်များကို တအံ့တသြ ကြည့်ပြီး မြေပေါ်သို့ လဲကျသွားလေ၏။

မောင်ချစ်မြသည် ဓားပြများကို ချုံပုတ်ထဲသို့ ထည့်သွင်းလိုက်ပြီး ကျွဲသတ်ကျွန်းအတွင်းသို့ ခြေသံလုံလုံဖြင့် ဝင်ရောက်သွားခဲ့၏။

www.burmeseclassic.com



ကျွန်းတစ်နေရာသို့ ရောက်လျှင် တဲအိမ်ငယ်လေး တစ်လုံးကို မြင်တွေ့ရပြီး တဲအိမ်၏ အရှေ့ရှိ ဗိုခနောင့်ဆိုင် မီးဖိုပေါ်တွင် တောကြက်တစ်ကောင်ကိုတံစို့ထိုးပြီး ကင်ထားကြောင်းတွေ့ရ၏။ မောင်ချစ်မြသည် ကိုယ်ပျောက်သော အစွမ်းရှိသဖြင့်တဲအိမ်ထဲသို့ရဲဝံ့စွာဝင်ရောက်သွားလေရာတဲ





အတွင်း၌ အရက်သောက်နေသော လူသုံးဦးကို တွေ့ရလေ၏။

လူနှစ်ဦးအနက် လွန်စွာအရုပ် ဆိုးသောလူသည် ခါးပြ ပေါင်တို ဖြစ်ပုံရ၏။

မောင်ချစ်မြသည် ခါးပြ ပေါင်တိုကို မုန်းတီးရွံရှာ ဟန်ဖြင့် ကြည့်နေမိ၏။ ထိုသူသည် အပြစ်မဲ့ အဘိုးအိုကို ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့၏။

ထိုမျှ ရိုင်းပြ ဆိုးဝါးသောလူကို ဘကြီး ကိုယ်စား လက်စားချေတိုက်ခိုက်ရပေတော့မည်။ ခါးပြပေါင်တိုသည် အရက်သောက်နေသော တပည့်တစ်ဦးအား

"ဟို..အဘိုးကြီးကို ရှင်းတဲ့ကိစ္စနဲ့ပတ်သက်ပြီး ပုလိပ် တွေ လိုက်နေတာ ဘယ်လိုအခြေအနေရှိလဲ"

ဟု မေးမြန်းလိုက်ရာ တပည့်တစ်ဦးက

"ကျုပ်တို့ နောက်ကို ပုလိပ်တွေ လိုက်နေတုန်းပဲ၊ လော



www.burmeseclassic.com

www.burmeseclassic.com



လောဆည် ရွာထဲမှာ ကျုပ်တို့ သတင်းကို စုံစမ်းနေတယ်၊ ဒီကျွန်းကိုတောင် ပုလိပ်တွေ လာရှာသွားတယ်၊ အဲဒီညက အဘိုးကြီးကို မရှင်းဘဲထားဖို့ ဆရာကိုတပည့် ပြောခဲ့သားပဲ”

ဟုဆိုလိုက်ရာ ဓားပြခေါင်းဆောင် ပေါင်တိုက

“အဘိုးကြီးက လူပါးဝပြီး ခေါင်းမာလွန်းလို့ကွ၊ တစ်အိမ်လုံးလဲ ငါးကန်တွေ ဖန်ပေါင်းချောင်တွေနဲ့ ပြည့်နေတာပဲ၊ ဒီအဘိုးကြီး ရူးများနေလား မသိဘူး”

ဟုပြောပြီး အရက်ကို ဆက်ပြီး သောက်ကြ၏။ မောင်ချစ်မြသည် ဓားပြခေါင်းဆောင် ပေါင်တိုအား လုပ်ကြံ သတ်ဖြတ်ရန် စိတ်ရှည်လက်ရှည် စောင့်နေ၏။

ခဏကြာလျှင် ပေါင်တို၏ တပည့်နှစ်ဦးသည် တဲအပြင်သို့ ထွက်သွားလေရာ ပေါင်တို တစ်ယောက်တည်း ကျန်ခဲ့လေ၏။





ပေါင်တိုသည်အရက်သောက်ရင်း အမြည်း အဖြစ် ပြုလုပ်ထားသော ငါးကြော်ကုန်သွားသဖြင့် မီးဖိုပေါ်တွင် ကင်ထားသော ကြက်ကြော်ကို ယူရန်ပြင်လိုက်၏။

မောင်ချစ်မြသည် ပေါင်တို ကို လက်စားချေရန် အခွင့်သာသည်နှင့် တံစို့ထိုးပြီး ကင်ထားသော ကြက်ကင်ကို ပေါင်တိုရှိရာသို့ ယူဆောင်လာ၏။ ပေါင်တိုသည် အရက်သောက်ရင်း တဲအတွင်းသို့ အလိုလို ရွေ့လျားလာသော ကြက်ကင်ကြီးကို ကြည့်ပြီး မယုံနိုင်ဟန်ဖြင့် မျက်လုံးများ ပွတ်သပ်ကြည့်လိုက်ပြီး

“အမလေး...ကြက်ပျံကြီး”

ဟု အထိတ်တလန့် အော်ဟစ်လိုက်၏။ မောင်ချစ်မြက ပေါင်တို၏ ပါးစပ်ထဲသို့ တံစို့ ထိုးထားသော ကြက်ကင်ကြီး ထိုးထည့်လိုက်၏။

ပေါင်တိုသည် အထိတ်တလန့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သရဲ...သရဲ"

ဟုအော်ဟစ်လေ၏။

မောင်ချစ်မြက အံကို ကြိတ်ပြီး

"လူယုတ်မာ၊ တံငါရွာက အဘိုးကြီးကို သတ်ပြီး ပစ္စည်းတွေ ယူခဲ့တာ မှတ်မိလား၊ ဒီအတွက် ပြန်ပေးဆပ်ရမယ်"

ဟုပြောလိုက်ရာ ပေါင်တိုသည် မောင်ချစ်မြ၏ အသံကိုသာ ကြားရပြီး လူကို မမြင်ရသဖြင့် အထိတ်တလန့် ဖြစ်ပြီး ပတ်ဝန်းကျင်တွင် ရှာဖွေလေ၏။

မောင်ချစ်မြက ပေါင်တို၏ ပါးကို ဖြန်းခနဲ ရိုက်လိုက်ပြီး

"ဓားပြစုတ် မင်းအရည်အချင်းနဲ့ ငါ့ကို လုံးဝ ရှာလို့မရဘူး၊ မင်းရဲ့နောက်ဆုံး အချိန်ရောက်ပြီ၊ ဘုရားတရား သာ တပေတော့"





ဟုပြောပြီး ဓားပြ ခေါင်းဆောင်၏ ရင်ဝသို့ တံစို့ထိုးထားသော ကြက်ကင်ကြီး ထိုးစိုက်လိုက်ရာ ပေါင်တိုသည် အသံနက်ကြီးနှင့်အော်ပြီး သေဆုံးသွားလေ၏။

ပေါင်တို၏ အော်သံကြောင့် သူ၏ တပည့် နှစ်ဦး တဲအတွင်းသို့ အပြေးအလွှားရောက်ရှိလာကာ သေဆုံးသွားသော ပေါင်တိုကို ကြည့်ပြီး အထိတ်တလန့် အော်ဟစ်ကြလေ၏။

ဓားပြများသည် အခန်းထဲတွင်ရပ်နေသော မောင်ချစ်မြကို မမြင်ဘဲ ပေါင်တိုကို ဝိုင်းအုံ ကြည့်ရှုကြလေ၏။

မောင်ချစ်မြသည် ပေါင်တိုကို လက်စတုံး စီရင်လိုက်ရသဖြင့် ရင်ထဲတွင် လွတ်လပ်ပေါ့ပါး သွားပြီး ကျန်ဓားပြများကို ချမ်းသာပေးလိုက်လေ၏။

သူသည် ကိုယ်ပျောက်ဆေး အစွမ်းဖြင့် ဓားပြများ၏



www.burmeseclassic.com

www.burmeseclassic.com



စခန်းမှ အလွှယ်တကူ လွှတ်မြောက်လာ၏။

မိမိ၏ အပြုအမူကို တမလွန် ရောက်ရှိနေသော ဘကြီး ဖြစ်သူ ကျေနပ်လိမ့်မည်ထင်၏။

မောင်ချစ်မြသည် ဓားပြခေါင်းဆောင် ပေါင်တိုကို သွေးကြွေးဆပ်ပြီးနောက် ဦးဒီပ မရှိသော အရပ်၌ မနေလို တော့ဘဲ ရွာမှ ထွက်ခွာရန် ကြံလေ၏။

ထို့ကြောင့် ရွာသူကြီးနှင့် ရွာသူရွာသားများကို နှုတ် ဆက်ပြီး ထွက်ခဲ့လေ၏။





"ဦးဘိုးစည် ဆိုတဲ့ လူကြီးဟာ

တကျောရှူးတဲ့ နေရာမှာ ကမ်းကုန်တယ်၊

သူ့မှာလဲ မယားတွေ ဒီလောက်အများကြီး ရှိရက်သားနဲ့

စိန်စိန်ကို သိမ်းပိုက်ချင်သေးတယ်..."



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြ၏ လက်ထဲတွင်ဦးဒီပ ကျန်ရစ်ခဲ့သော ငွေအတော်အသင့်ပါရှိ၏။ မောင်ချစ်မြသည် မည်သည့်အရပ်သို့သွားမည်ဟု ဆုံးဖြတ်မထားဘဲ ခြေဦးတည်ရာသို့ ထွက်ခဲ့လေ၏။

မောင်ချစ်မြသည် မြန်မာပြည် အရပ်ရပ်ရှိ မြို့များသို့ လှည့်လည်သွားလာရင်း သူ့ကျွန်ဘဝ၌မြန်မာ့လူဘောင်အဖွဲ့





၏ပျက်စီးယိုယွင်းမှုများကို ကိုယ်တိုင်ကြုံတွေ့ရ၏။

မြို့တစ်မြို့၏ လူစည်ကားသော ထမင်းဆိုင်လေး၌ မောင်ချစ်မြ နေ့လယ်စာ စားသောက်နေစဉ် ဆိုင်တွင် လာရောက်စားသောက်သော မိန်းမနှစ်ယောက် ပြောဆိုသော စကားများကို မမျှော်လင့်ဘဲ ကြားလိုက်၏။

မိန်းမတစ်ယောက်က

"စိန်စိန်ကို သနားလိုက်တာ..သူ့မောင်လေးအမှုက လွတ်ဖို့အဲဖေအရှယ်လောက်ကြီးကိုယူရတော့မယ်၊ ဦးဘိုးစည် ဆိုတဲ့ လူကြီးဟာ တကျော့ရှုးတဲ့နေရာမှာကမ်းကုန်တယ်၊ သူ့မှာလဲ မယားတွေ ဒီလောက်အများကြီး ရှိရက်သားနဲ့ စိန်စိန်ကို သိမ်းပိုက်ချင်သေးတယ်၊ ငါတို့မှာ ပိုက်ဆံရှိရင် စိန်စိန်ကို စိုက်ပေးချင်ပါတယ်၊ စိန်စိန်ခမြာ သနားစရာ ဟယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည်အများအကျိုးအတွက်တတ်နိုင်သမျှ သယ်ပိုးမည်ဟု စိတ်ပိုင်းဖြတ်ထားသဖြင့် မိန်းမနှစ်ယောက်အား အကျိုးအကြောင်း မေးမြန်းရာ စိန်စိန်ဆိုသော မိန်းမ၏ မောင်သည် ချစ်တီးကြွေးများကိုယူပြီး လောင်းကစားပစ်ရာမှ ချစ်တီးကြွေး မဆပ်နိုင်ဘဲ ထောင်ကျမည့်လမ်းကို ရောက်နေကြောင်း၊ ယခု ဦးဘိုးစည်က ချစ်တီးကြွေး စိုက်ဆပ်ပေးပြီး စိန်စိန်ကို ယူရန် ကြံစည်ထားကြောင်း၊ ဦးဘိုးစည်၌ တရားဝင်ယူထားသော မယားပွင် ၈ ယောက်ရှိကြောင်း သိရလေ၏။

မောင်စိန်မြသည် မတရားမှုများကို ကူညီဖြေရှင်းမည်ဟု ဆုံးဖြတ်ထားလေရာ ထိုမြို့ရှိ ဇရပ်၌တည်းခိုပြီး ဦးဘိုးစည်၏ နေရပ်ကို စုံစမ်းခြင်း၊ စိန်စိန်ဆိုသော မိန်းကလေးကို တစ်ချေ တစ်စောင်း သွားရောက် အကဲခတ်ခြင်းတို့ ပြုလုပ်လေ၏။





ညသို့ ရောက်သောအခါ မောင်ချစ်မြသည် ကိုယ်ပျောက်ဆေးရည် တစ်စက် နှစ်စက်ခန့် သောက်ပြီး ကိုယ်ပျောက်သွားသောအခါ ဦးဘိုးစည်၏ ဆန်စက်ကို ဦးစွာ ထွက်ခဲ့လေ၏။ ဆန်စက်သို့ ရောက်သောအခါ ညစောင့် ဖြစ်သူသည် တခေါ ခေါအိပ်ပျော်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် ဆန်စက်ထဲတွင် အသင့်တွေ့ရသော ဓါတ်ဆီပုံးထဲမှ ဓါတ်ဆီများကို ဖြန်းကာ ဆန်စက်ကို မီးရှို့လိုက်၏။

ထိုအချိန်၌ ဦးဘိုးစည်သည် အိမ်၌ အိပ်ပျော် နေပြီး ဆန်စက်မီးလောင်ကြောင်း ကြားသိသောအခါ ကမန်းကတန်းလိုက်လာ၏။

မောင်ချစ်မြသည် ဦးဘိုးစည်၏ အိမ်ပေါ်သို့ ကိုယ်ပျောက်ဆေးအစွမ်းဖြင့် တက်သွားလေရာ အစောင့်များသည် မောင်ချစ်မြကို မြင်တွေ့ခြင်း မရှိချေ။

ထိုအချိန်တွင် ဦးဘိုးစည်၏အငယ်ဆုံးမယားသင်းသင်းကျော်ဆိုသူသည် ရေအိမ်သို့ အိပ်ချင်မူးတူး ထွက်လာပြီး မောင်ချစ်မြကို ဝင်တိုက်မိလေ၏။

ထိုမိန်းမသည် မောင်ချစ်မြကိုအတင်းဖက်ထား





လိုက်ပြီး

"ကိုပေါက်စလား၊ ရှင့်ကို အရမ်းလွမ်းနေတာရှင့်၊ ဟိုလူကြီးလစ်တုန်း အခန်းထဲသွားကြရအောင်"

ဟု ပြောလေရာ မောင်ချစ်မြသည် ရင်တုန်ပန်းတုန်ဖြစ်သွားပြီး ထိုမိန်းမလက်မှ ရုန်းကန် ထွက်ပြေးရလေ၏။

ဦးဘိုးစည်သည်မယားများစွာ ယူထားပြီး မိန်းမများ၏ အလိုဆန္ဒကို ဖြည့်ဆည်းနိုင်ပုံ မရချေ။

မောင်ချစ်မြသည် ဦးဘိုးစည်၏ အိပ်ခန်းကို မှန်းဆဝင်ရောက်ပြီး မီးခံသေတ္တာထဲမှ ငွေများကို အိတ်တစ်လုံးနှင့်ထည့်ပြီး ယူဆောင်လာခဲ၏။

ဦးဘိုးစည်ကဲ့သို့တဏှာရူး တစ်ယောက်၏ လက်တွင် ငွေများ ပိုလျှံနေလျှင် အမျိုးကောင်း သားသမီးများ ဖျက်ဆီးခံရနိုင်သည်ဟု ယူဆပြီးငွေများကိုယူဆောင်လာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် တစ်ဆက်တည်း ချစ်တီး နာရယမ်း၏ တိုက်သို့ ဝင်ရောက်သွားရာ ချစ်တီးများသည် မြို့ပေါ်တွင် မီးလောင်မှု ဖြစ်သည်ဆိုသဖြင့် နိုးနိုးကြားကြား ရှိနေကြ၏။

မောင်ချစ်မြသည် ချစ်တီးများ၏ ကြားမှာပင် အိမ်ပေါ်သို့ တက်ခဲ့ပြီး မတရား စာချုပ်များထားရာ သံသေတ္တာကြီး ကို ဖွင့်ပြီးစာချုပ်များ အားလုံးကို ယူဆောင်လာ၏။

မောင်ချစ်မြ၏ လုပ်ရပ်များသည်ရက်ပိုင်းအတွင်း သတင်းစာများ၌ ပြန့်နှံ့သွားလေရာ တစ်နိုင်ငံလုံး စိတ် ဝင်စားသော သတင်းများဖြစ်ခဲ့၏။

ထို့နောက် မောင်ချစ်မြသည် မြန်မာပြည်အနှံ့လှည့်လည်ပြီး မကောင်းသူပယ် ကောင်းသူကယ်သည့် အလုပ်များကို လုပ်ကိုင်နေလေ၏။

ထိုသို့ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ရခြင်းကို





အလွန်ပျော်ရွှင်နေမိ၏။ မိမိ၏ ကြိုးပမ်းအားထုတ်မှုကြောင့် သူတစ်ပါး၏ အခက်အခဲများ ပြေလည်သွားခြင်းကိုလည်း များစွာ ပီတိ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မောင်ချစ်မြသည် အဝေးပြေး ဘတ်စ်ကား တစ်စီးနှင့် လိုက်ပါလာသောအခါ တစ်နေရာ အရောက်တွင် သေနတ်သံဗိုင်းခနဲ ကြားရပြီး လမ်းပေါ်သို့ ဓားပြများ ရောက်လာလေ၏။

ဓားပြခေါင်းဆောင်သည် ခြောက်လုံးပြူးသေနတ်ကို ကိုင်ထားပြီး ကားရှေ့မှ ကာဆီးပြီး ရပ်လိုက်၏။





မောင်ချစ်မြသည် အခွင့်ကြုံသဖြင့် ဓားပြများကို နှိမ်နင်းရန် ဆုံးဖြတ်လိုက်၏။ ထို့ကြောင့် ကားရပ်သည်နှင့် အနောက်ဘက်တံခါးမှ ချုံထဲသို့ ခုန်ချလိုက်၏။ ပြီးနောက် လွယ်အိတ်ထဲရှိ ကိုယ်ပျောက်ဆေးပုလင်းကို ထုတ်ပြီး ဘယ်စက်မျှလျှာကိုတို့လိုက်၏။

ဆေးသောက်ပြီး ခဏကြာလျှင် မောင်ချစ်မြသည် သူ၏ လက်များကို ငုံ့ကြည့်လိုက်ရာ တဖြည်းဖြည်း ကိုယ်ပျောက် သွားကြောင်း တွေ့လိုက်ရလေ၏။

မောင်ချစ်မြ ကိုယ်ပျောက်သွားသောအခါ ကားရှေ့သို့ ထွက်ခဲ့လေ၏။

ကားရှေ့တွင် ဓားပြခေါင်းဆောင်သည် ခြောက်လုံး ပြူး သေနတ်တကိုင်ကိုင်နှင့် အော်ဟစ်ဆဲဆိုနေ၏။

ထိုအခိုက်မှာပင် ဓားပြ ခေါင်းဆောင်၏ လက်ထဲရှိ



www.burmeseclassic.com

www.burmeseclassic.com



သေနတ်သည် သူ၏လက်ထဲက လွတ်သွားပြီး လေထဲ၌ ရပ်တန့်ကာ ဓားပြခေါင်းဆောင်၏ ကိုယ်ခန္ဓာ တည့်တည့်သို့ ချိန်ထားကြောင်းတွေ့ရ၏။

ဓားပြခေါင်းဆောင်သည် သေနတ် လေထဲသို့ လွင့်ထွက်သွားပြီး သူ၏ ကိုယ်ခန္ဓာသို့ချိန်ထားကြောင်း တွေ့ရသောကြောင့် မယုံနိုင်ဟန်ဖြင့် ၎င်းသေနတ်ပြောင်းကို လိုက်လုလေ၏။

သို့သော် လေထဲရှိ သေနတ်ကို ပြန်မရဘဲ မျက်နှာကို သေနတ်ဒင်နှင့်ထုခံလိုက်ရပြီး မြေပေါ်သို့ပြုတ်ကျသွားလေ၏။

ကျန်သောဓားပြများသည် သူတို့ဆရာ၏အဖြစ်ဆိုးကို တအံ့တသြကြည့်ရှုနေစဉ် တိုက်ခိုက်ခံရသဖြင့်

"သရဲ...သရဲ"





ဟုအော်ဟစ်ကာ မြေပေါ်သို့ပြိုလဲကျလေ၏။

ကားဒရိုင်ဘာနှင့် ခရီးသည်များလည်း ရန်သူ မရှိဘဲ တစ်ယောက်ပြီး တစ်ယောက်လဲကျသွားသော ဓားပြများကို ကြည့်ပြီး အလွန်တုန်လှုပ်ချောက်ချားနေကြ၏။

ထိုအခိုက်မှာပင် ခရီးသည်များအနက် အဘွားကြီး တစ်ယောက်က ကားလမ်းနဘေးက ညောင်ပင်တွင် ကိုးကွယ်ထားသော ရွာတော်ရှင်နတ်ကွန်းကို ကြည့်ပြီး

"အမလေး...ဒါဟာ ရွာတော်ရှင်ကြီး မ.တာပဲ.. ကျုပ်တို့ကားကို ဓားပြတွေ တားလိုက်တုန်းက ရွာတော်ရှင်ကြီး ကယ်တော်မူပါလို့ကျုပ်တိုင်တည်လိုက်တယ်၊ ဒါကြောင့် ရွာတော်ရှင်ကြီး မ,တာ ဖြစ်မယ်"

ဟုပြောလေရာ ကျန်သောခရီးသည်များလည်း ဖြစ်နိုင်သည်ဟု ယူဆပြီးရွာတော်ရှင်နတ်ကွန်းကိုဝိုင်းဝန်း ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြလေ၏။

မိမိတို့၌ ယူဆောင်လာသော စားသောက်ဖွယ်ရာများကို ရွာတော်ရှင်နတ်ကွန်း၌ ဆက်သကြလေ၏။

ထိုသတင်းသည် သတင်းထောက်များထံသို့ပြန့်နှံ့သွားလေ၏။ သတင်းထောက်များသည် ထူးဆန်းသော သတင်းကို ရယူရန် ကားဒရိုင်ဘာနှင့် ခရီးသည်များကို ရှာဖွေမေးမြန်းပြီး သတင်းစာများ၌ စိတ်ဝင်စားဖွယ် ရေးသားကြလေ၏။





မောင်ချစ်မြသည် မကောင်းသူပယ် ကောင်းသူကယ်သည့်အလုပ်များကို တစ်ကိုယ်တော် လုပ်ကိုင်နေလေ၏။

ထိုသို့ လုပ်ကိုင်ရာ၌ လူဆိုးလူညစ်များ၏ သတင်းကို ရရှိစေရန် ရန်ကုန်မြို့အနှံ့ရှိ ဟိုတယ်၊ ညကလပ်နှင့် စားသောက်ဆိုင်များသို့ လှည့်လည် သွားလာရ၏။

တစ်ခါတစ်ရံ မိမိရရှိသော သတင်းများသည် သတင်းအမှားများ၊ အတင်းအဖျင်းများဖြစ်နေကြောင်းလည်း တွေ့

www.burmeseclassic.com



ရ၏။

မောင်ချစ်မြသည် လူအများ၏ အခက်အခဲကို ရင်ဆိုင်ဖြေရှင်းရာ၌ ကိုယ်ပျောက်ဆေး အစွမ်းကို အသုံးချရသဖြင့် သာမာန်လူတို့ မမြင်နိုင်သော ဆိပ်ကွယ်ရာ အရပ်များသို့ ရောက်ရှိတတ်၏။

ထိုအခါ ဟန်ဆောင် လောကကြီး၏စရိုက် သဘာဝ အစစ်အမှန်ကို မြင်တွေ့မိပြီး အံ့ဩတကြီး ဖြစ်ရ၏။

လောကကြီးသည် ဟန်ဆောင်မှုအတိပြီးသော အလိမ်အညာလောကကြီး ဖြစ်ကြောင်းသုံးသပ်မိ၏။

လူတို့သည် အများအမြင်မှာ တင့်တယ် ဟန်ဆောင်ပြီး ကွယ်ရာ၌ ခြေပုန်းခုတ်ကြ၏။ ဦးလှမိုးဆိုသူ ဘုရားလူကြီး အမည်ခံလူကြီးတစ်ယောက်ကို အိမ်စေမိန်းကလေး၏ ခြင်ထောင်ထဲတွင် မြင်ရ၏။





လွန်စွာ စည်းကမ်းကြီးပြီး မိန်းမပျိုများကို အထိမ်းအသိမ်းကောင်းသည့်နေရာတွင် စံပြဆိုသော ဘော်ဒါဆောင်ပိုင်ရှင် ဒေါ်ပွင့်မော်ဦးဆိုသည့် အပျိုကြီးသည် ဘိုလိပ်ပုဆိုသော ခြံစောင့်နှင့် တစ်ခုတင်တည်း အိပ်နေသည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် ခြေသလုံးအိမ်တိုင် ဘဝဖြင့် မြန်မာပြည် အရပ်ရပ်သို့ လှည့်လည် သွားလာပြီး မကောင်းသူယယ်ကောင်းသူကယ်သည့်အလုပ်များကို လုပ်ကိုင်ခဲ့လေ၏။

ထိုသို့ လုပ်ကိုင်ရာတွင် ဦးဒီပ၏ ကိုယ်ပျောက်ဆေးအစွမ်းကို အသုံးချပြီး လုပ်ကိုင်ရသကဲ့သို့ ကိုယ်ပျောက်ဆေးအစွမ်းကို အသုံးမပြုဘဲ သူတစ်ပါးအကျိုးဆောင်ခဲ့သည့်





ဖြစ်ရပ်များလည်း ရှိခဲ့၏။

ထိုဖြစ်ရပ်များအနက် ဟူးကောင်းချိုင့်ဝှမ်း ဘက်တွင်ကြုံတွေ့ခဲ့သော ဖြစ်ရပ်သည် တစ်သက်မမေ့နိုင်စရာ ဖြစ်ခဲ့၏။

မောင်ချစ်မြ ဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်သောအခါအင်္ဂလိပ်အစိုးရ၏ သစ်တောကြိုးဝိုင်းနှင့် ဆင်စခန်းများအမြောက်အမြားရှိသည်ကို တွေ့ရ၏။

မောင်ချစ်မြသည် ထုံးစံအတိုင်း ရောက်လေရာ အရပ်တွင် ဒုက္ခဆင်းရဲတွေ့ကြုံသူများကို ကူညီရန် စနည်းနာလေ၏။

ထိုသို့ စနည်းနာရင်း ဆင်စခန်းတစ်ခု အနီးရှိ အရက်ဆိုင်တွင် ကိုဝင်းမြင့်ဆိုသူနှင့်ခင်မင်ခဲ့လေ၏။

ကိုဝင်းမြင့်သည် အသားဖြူဖြူ လူပုံနွဲ့နွဲ့ရှိပြီး ဆင်စခန်း၌ဘောက်တိုမယ်ရ အလုပ်များလုပ်ကိုင်သည် ဆို၏။

ကိုဝင်းမြင့်သည် ကျန်းမာရေး ကောင်းပုံမရဘဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ချောင်းတဟွတ်ဟွတ် ဆိုးနေလေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့်၏ ကျန်းမာရေးနှင့် တောက်တိုမယ်ရ အလုပ်များ လိုက်ဖက်ခြင်း မရှိဟု ယူဆသောကြောင့် သူ၏ ဇာတိကို မေးမြန်းလေရာ ရန်ကုန်မြို့က ဖြစ်ကြောင်း ပြောလေ၏။

မောင်ချစ်မြက ကိုဝင်းမြင့်ကို ရန်ကုန်မြို့သို့ ပြန်ဖြစ်သလားဟု မေးမြန်းလေရာ ကိုဝင်းမြင့်က

"ရန်ကုန်လား၊ သိပ်ပြန်ချင်တာပေါ့ဗျာ၊ ရန်ကုန်ဟာ လိုတရမြို့ကြီးပဲ...ဒီလို တောခေါင်ခေါင် နေရာကြီးမှာ ဘယ်သူ နေချင်မှာလဲ"

ဟု ပြောလေ၏။

ထိုအခါ မောင်ချစ်မြက

"ပြန်ချင်လဲ ပြန်ပေါ့ဗျာ၊ ဘာကိုတွန့်ဆုတ်နေတာလဲ"





ဟုဆိုလိုက်ရာ ကိုဝင်းမြင့်က သက်ပြင်းချပြီး

"ကျုပ်လဲ ရန်ကုန် သွားပါဗျာ၊ ရန်ကုန်မြေကို လွမ်းပါတယ်၊ ပြန်လို့ မဖြစ်သေးလို့ပေါ့ဗျာ"

ဟုဆိုရင်း မောင်ချစ်မြကိုကြည့်ကာ

"မိတ်ဆွေ ဒီကနေ ဘယ်ကိုပြန်မှာလဲ"

ဟုမေးမြန်းလေ၏။

ထိုအခါ မောင်ချစ်မြက မျက်မှောင်ကြုတ်ပြီးစဉ်းစားကာ

"ကျုပ် ရန်ကုန်ကို ပြန်မယ်"

ဟု ဆိုသဖြင့် ကိုဝင်းမြင့်၏ မျက်နှာ ဝင်းပသွားပြီး

"ဒါဆိုရင် မိတ်ဆွေကို ကျုပ် အကူအညီတစ်ခု တောင်းချင်တယ်"

ဟုဆိုလိုက်ရာ မောင်ချစ်မြက

"ဘယ်လိုအကူအညီလည်း ပြောပါ၊ ကျုပ်ကူညီနိုင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကူညီပါမယ်"

ဟုဆိုလေ၏။ ထိုအခါ ကိုဝင်းမြင့်က

"ရန်ကုန်မှာ ကျုပ်မိန်းမ ရှိတယ်၊ သူနဲ့ သွားတွေ့ပြီး ကျုပ် ပျောက်နေတဲ့ အကြောင်း၊ ဘေးရန် အန္တရာယ်မရှိတဲ့ အကြောင်း အကြောင်းကြား ပေးပါ၊ ကူညီနိုင်ရင် ကူညီပါ မိတ်ဆွေ၊ ကျုပ် အတွက်သိပ်အရေးကြီးလို့ပါ"

ဟုတောင်းပန်သော အမူအရာနှင့် ပြောလေ၏။

ထိုအခါ မောင်ချစ်မြသည် ကိုဝင်းမြင့်ကို အားမလို အားမရကြည့်ပြီး

"ကိုဝင်းမြင့် ကိုယ်တိုင်ပဲ ပြန်လိုက်ပါလားဗျာ"

ဟုဆိုလိုက်ရာ ကိုဝင်းမြင့်၏ မျက်နှာ ညှိုးငယ်သွားပြီး

"ပြန်ချင်တာပေါ့ဗျာ၊ ဒါပေမဲ့ ကျုပ်ကျန်းမာရေးက ပြန်နိုင် ခွင့်မပြုတော့ဘူးဗျ၊ မိတ်ဆွေကျေးဇူးကို တစ်သက် မမေ့





ဘူးဗျာ"

ဟုတောင်းပန်ပြန်၏။

မောင်ချစ်မြသည် သူတစ်ပါးကို တတ်စွမ်းသမျှ ကူညီ ရမည်ဆိုသော မိမိ၏ ခံယူချက်ကြောင့် ကိုဝင်းမြင့်၏ အကူ အညီတောင်းခြင်းကို လက်ခံလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် တစ်ပတ်ခန့် နေထိုင်ပြီးနောက် ဟူးကောင်းရိုင့်ဝှမ်းမှ ရန်ကုန်သို့ ပြန်ရန် ပြင်ဆင်လေ၏။

ထိုအခါကိုဝင်းမြင့်ရောက်လာပြီး ဇနီးဖြစ်သူ၏လိပ်စာကို ပေးလေ၏။

ကိုဝင်းမြင့်၏ မိန်းမသည် အင်းစိန်၌ နေထိုင်ပြီး တက်သစ်စ ပြဇာတ် မင်းသမီးတစ်ယောက်ဖြစ်ကြောင်း သိရလေ၏။





မောင်ချစ်မြ ရန်ကုန်သို့ပြန်မည့်နေ့တွင် ကိုဝင်းမြင့်သည် ကျန်းမာရေး မကောင်းသည့်ကြားမှ သူ့မိန်းမကို ဆက်ဆက် သွားရောက် တွေ့ဆုံ ပေးပါရန် တောင်းပန်လေ၏။

ထိုသို့ တောင်းပန်ရင်း ကိုဝင်းမြင့်ချောင်းတဟွတ်ဟွတ်ဆိုးနေပြန်၏။

ကိုဝင်းမြင့်၏ ကျန်းမာရေး လွန်စွာ ညံ့ဖျင်းနေပုံရ၏။

မောင်ချစ်မြသည်ကိုဝင်းမြင့်ကို ကရုဏာ သက်လှသဖြင့် ရန်ကုန်သို့ ရောက်လျှင် တွေ့ဆုံသွားမည်ဟု ကတိပြုလေ၏။

မောင်ချစ်မြသည် ရန်ကုန်သို့ ရောက်လျှင် အင်းစိန်သို့ သွားပြီး ကိုဝင်းမြင့်၏ ဇနီးကိုရှာဖွေလေ၏။

ကိုဝင်းမြင့်၏ ဇနီးသည် မစိန်ကြည် ဆိုသော အမည်ဖြင့် ပြဇာတ်ကသည်ဆို၏။

မောင်ချစ်မြသည် ပြဇာတ်မင်းသမီး မစိန်ကြည်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မြင်းလှည်းသမားများထံတွင် စုံစမ်းလေရာ မြင်းလှည်းသမား တစ်ဦးက

"မောင်ရင်လဲ စိန်ကြည်ကို စွဲနေပြီနဲ့တူတယ်၊ လက်လျှော့လိုက် မောင်ရင်၊ ဒီကောင်မက မင်းကြိုက်စိုးကြိုက် မောင်ရင်တို့လို ပမွှားတွေနဲ့ လားလားမှ မထိုက်"

ဟုဆိုလိုက်ရာ မောင်ချစ်မြ မျက်လုံးပြူးသွားပြီး

"ဟင်..ပြဇာတ် မင်းသမီး မစိန်ကြည်ကို ပြောတာနော်"

ဟုပြောလိုက်ရာ မြင်းလှည်းသမားက

"စိန်ကြည်မှ စိန်ကြည် အစစ်ကို ပြောတာပါ။ ဒီကောင်မလောက် လော်မာ ဖောက်ပြားတဲ့သူ တစ်ယောက်မှ မရှိဘူး ညနေစောင်းဆိုရင် ဒီကောင်မအိမ်မှာ ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ဒီကောင်မလောက် ယောကျ်ားတွေရို မြူစားတတ်တဲ့သူ တစ်ယောက်မှ မရှိဘူး၊ သူ့လိုကောင်မနဲ့





သွားမပတ်သက်တာ အကောင်းဆုံးပဲ"

ဟုပြောလေ၏။

မောင်ချစ်မြသည် ပြဇာတ်မင်းသမီး၏ သတင်းကို ကြားပြီး သူမနှင့်သွားရောက်တွေ့ဆုံရန် တွန့်ဆုတ်သွားလေ၏။

မည်သို့ပင်ဖြစ်စေ ကိုဝင်းမြင့်၏သနားစဖွယ် မျှော်လင့်ချက်အတွက် သွားရောက်တွေ့ဆုံရန် ဆုံးဖြတ်လိုက်၏။

မောင်ချစ်မြသည် ပြဇာတ်မင်းသမီး စိန်ကြည်ကို တွေ့ဆုံရန် သူမ၏အိမ်သို့သွားလေရာ မစိန်ကြည်သည် ယောကျ်ားတစ်ယောက်၏ ကားဖြင့် လိုက်ပါသွားကြောင်း တွေ့ရလေ၏။

မစိန်ကြည်ကို အနီးအနားအိမ်သို့ စုံစမ်းကြည့်ရာ

"အမလေး..ဒီအရပ်ပျက်မကြောင်း မပြောချင်ဘူး၊ အီးဆပ်သနတယ်၊ငါတို့ကို လာမမေးနဲ့၊သူ့အကြောင်းသိချင်ရင် လျှော်တန်းဇာတ်ရုံကို လိုက်သွား ဒီနေ့ည ဒီကောင်မ ပြဇာတ်



www.burmeseclassic.com

www.burmeseclassic.com



ကာလိမ့်မယ်"

ဟုပြောလေ၏။

ထိုအခါ မောင်ချစ်မြလည်း လျှော်တန်း ဇာတ်ရုံသို့လိုက်ခဲ့လေ၏။

လျှော်တန်း ဇာတ်ရုံသို့ ရောက်သောအခါ ယောကျ်ားများ၏ အလယ်၌ ပြုံတီတီလုပ်နေသော စိန်ကြည်ကို တွေ့ရလေ၏။

မောင်ချစ်မြသည် ဟူးကောင်းရှိုင့်ဝှမ်းတွင် ကျန်ရစ်ခဲ့သော ကိုဝင်းမြင့် အတွက်ရင်ဖလေး သွားလေ၏။

မောင်ချစ်မြ စိန်ကြည်ကို ငေးကြည့်နေစဉ် အနီးရှိ မိန်းမဝိုင်းတစ်ဝိုင်းက စိန်ကြည်ကို ကြည့်ပြီး

"ဒီကောင်မက သူဌေးဦးမြဘူးနဲ့ ယူမယ်ဆိုပြီး ဘဝင်မြင့်နေတာ"





ဟုပြောလေရာ ကျန်မိန်းမတစ်ယောက်က

"သူဌေးဦးမြဘူးက မယားကြီးရှိတယ် မဟုတ်လား"

ဟုမေးမြန်းလိုက်ရာ ကျန်မိန်းမတစ်ယောက်က မျက်နှာမဲ့ပြီး

"ဦးမြဘူးက မယားကြီး ရှိယုံမကဘူး၊ ပဲခူးက ဆေးလိပ်ခုံမှာ တစ်ယောက်၊ သံလျင်ဈေးထဲက တစ်ယောက်ရှိသေးတယ်၊ ဒီကောင်မက ၄ ယောက်မြောက် ဖြစ်မဲ့ကောင်မ။ ဒါတောင် ဘဝင်လေဟပ်ပြီး မြောက်ကြွကြွဖြစ်နေသေးတယ်"

ဟုပြောလေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့် အတွက်ပိုမိုပြီး စိတ်လေးသွားလေ၏။

မောင်ချစ်မြသည် စိန်ကြည်၏အနီးသို့ သွားရန်ကြံစည်သော်လည်း သူမ၏ အနီးတွင် ယောကျ်ားတစ်ယောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မပြတ် ရှိနေသဖြင့်အခက်ကြုံနေ လေ၏။

မောင်ချစ်မြသည် စိန်ကြည်၏အနီးသို့ သွားရန် ခက်ခဲလှသဖြင့် ပြဇာတ်ပြီးသည် အထိ စောင့်နေလေ၏။

ပြဇာတ်ပြီးသောအခါ၌လည်း စိန်ကြည်၏အနီး၌ ယောကျ်ားများ ပတ်လည်ဝိုင်း နေလေ၏။

ထိုအခိုက်မှာပင် စိန်ကြည်အနီး၌ ရှိနေသော သူဌေး ဦးမြဘူးသည် စီးကရက်ဝယ်ရန် အနီးမှ ထွက်ခွာသွားလေ၏။

ထိုအခါ မောင်ချစ်မြသည် အခွင့်အရေးရပြီဆိုကာ စိန်ကြည်၏အနီးသို့တိုးကပ်သွားလေ၏။

စိန်ကြည်က မောင်ချစ်မြကို သူမ၏အနီးသို့ လာရောက် ချည်းကပ်သော ယောကျ်ား တစ်ယောက်ဟု ထင်မြင်ကာ ပြိတ်တီအမူအရာဖြင့်

"အို....ရှင်က ကျွန်မကို မိတ်ဆက်ချင်လို့လား.."





လို့မေးမြန်းလိုက်၏။

မောင်ချစ်မြက ခေါင်းခါယမ်းပြီး

"ကျုပ်မိတ်ဆက်ဖို့ရောက်လာတာမဟုတ်ဘူး၊ ခင်ဗျား ယောကျ်ား ကိုဝင်းမြင့် လွှတ်လိုက်လို့ပါ"

ဟုပြောလေရာ စိန်ကြည်သည် မယုံနိုင်ဟန်ဖြင့် မျက်လုံးပြူးသွားပြီး

"ဟင်..ကိုဝင်းမြင့် ကသေပြီမဟုတ်လား"

ဟု စိတ်ပျက်လက်ပျက်ပြောလေ၏။

သူမ၏ အမူအရာမှာ ကိုဝင်းမြင့် ပြန်ပေါ်လာခြင်း ကြောင့် စိတ်အနှောက်အယှက် ဖြစ်နေပုံရ၏။

မောင်ချစ်မြက ခေါင်းခါယမ်းကာ

"ခင်ဗျား ယောကျ်ား ဟူးကောင်းရှိုင့်ဝှမ်းမှာ ဒီအချိန်ထိ သက်ရှိ ထင်ရှား ရှိနေတယ်၊ သူခင်ဗျားကို အရမ်းတွေ့ချင် နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သူ့ကျန်းမာရေး မကောင်းဘူး၊ သူမသေမီ ခင်ဗျားကို တွေ့ချင်နေတယ်"

ဟုဆိုလိုက်ရာ စိန်ကြည်သည် ကိုဝင်းမြင့်အတွက် စိုးရိမ်ဟန်မရှိဘဲ ကိုဝင်းမြင့် ပြန်ပေါ်လာခြင်းအတွက် စိတ်အနှောက်အယှက် ဖြစ်နေပုံရလေ၏။

ထိုအခိုက်မှာပင် စိန်ကြည်၏ အနီးသို့ သူဌေးဦးမြဘူး ပြန်လည် ရောက်ရှိလာသဖြင့် စိန်ကြည်က

"ရှင်...နောက်နေ့မှ ကျွန်မအိမ်ကိုလာခဲ့ပါ"

ဟုပြောပြီး မောင်ချစ်မြကို နှင်ထုတ်လိုက်လေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့်အတွက် များစွာ ရတက်မအေးဘဲ ပြန်လာခဲ့လေ၏။





နောက်တစ်နေ့တွင် စိန်ကြည်နှင့် တွေ့ဆုံသောအခါ စိန်ကြည်က

"ကိုဝင်းမြင့် အတော် နေထိုင်မကောင်း ဖြစ်နေတာ သေချာရဲ့လား"

ဟုမေးမြန်းလေရာမောင်ချစ်မြက

"သေချာတာပေါ့ဗျာ၊ကျုပ်ကိုယ်တိုင်သူ့ကို မျက်ဝါးထင်



www.burmeseclassic.com

www.burmeseclassic.com



ထင် မြင်တွေ့ခဲ့တာဗျ"

ဟုပြောလေ၏။

ထိုအခါစိန်ကြည်သည်တစ်စုံတစ်ရာကိုစဉ်းစားလိုက်ပြီး

"ကျွန်မကိုဝင်းမြင့်ကို တွေ့ချင်ပါတယ်၊ ဒါပေမဲ့ ဒီလောက်ဝေးတဲ့ ခရီးကို ကျွန်မ တစ်ယောက်တည်း ဘယ်လို သွားလို့ ဖြစ်မှာလဲ"

ဟုမေးမြန်းလေ၏။

မောင်ချစ်မြသည် စိန်ကြည် ကိုဝင်းမြင့်နှင့် မတွေ့လို သောကြောင့် ဆင်ခြေပေးသည်ဟု ယူဆလိုက်၏။

မှုယာမာယာများသော မိန်းမကိုလည်း ရွံရှာ သွားမိ၏။

ထို့ကြောင့်

"ဒီ...ခရီးကို ခင်ဗျားတကယ် သွားမယ် ဆိုရင် ကျုပ်အပင်ပန်းခံပြီး လိုက်ပို့ပေးမယ်ဗျာ"





ဟုပြောလေ၏။

ထိုအခါ စိန်ကြည်က တစ်စုံတစ်ရာကို ဆုံးဖြတ် လိုက်ဟန်ဖြင့်

"ရှင်လိုက်ပို့ပေးမယ် ဆိုရင် ကိုဝင်းမြင့်ကို ကျွန်မ တွေ့ပါမယ်"

ဟုပြောလေ၏။

မောင်ချစ်မြသည် စိန်ကြည်လို မိန်းမက လင်အပေါ် သစ္စာရှိပြီး ဟူးကောင်းချိုင့်ဝှမ်းကို လိုက်မည်ဟု ဆိုခြင်းကို မယုံနိုင်အောင်ဖြစ်သွား၏။

ထိုမိန်းမ ဟန်ဆောင်ခြင်း ပေလောဟု တွေးမိ၏။

ထို့ကြောင့်

"ခင်ဗျားတကယ် ပြောတာလား"

ဟုထပ်မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်ကြည်က ခေါင်းညိတ်ပြီး

"တကယ်ပါရှင်…ရှင်လိုက်ပို့ပေးရင် ကိုဝင်းမြင့်နဲ့ လိုက်ပြီး တွေ့ပါမယ်"

ဟုပြောလေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့်အပေါ် ကရုဏာ သက်လှသဖြင့် ဟူးကောင်းချိုင့်ဝှမ်းကိုတစ်ကြိမ် ထပ်မံ သွားရောက်ရန် ဆုံးဖြတ်လိုက်၏။

ထို့သို့ဖြင့် ကြမ်းတမ်းသော ခရီးစဉ်ကို ထပ်မံ သွားရောက်ရပြန်၏။





'ရှင်ဘာယ်လိုဖြစ်ပြီး

ဒီလောက်အကြာကြီး ပုန်းခိုနေ တာလဲ၊

ရှင့်မှာ မိန်းမ တစ်ယောက်ရှိသေးတယ် ဆိုတာ

သဲတိ မရဘူးလား၊'



www.burmeseclassic.com

www.burmeseclassic.com



ဟူးကောင်းချိုင့်ဝှမ်းသို့ ရောက်သောအခါ ကိုဝင်းမြင့်သည် မယားဖြစ်သူကို မြင်သည်နှင့် သိန်းထီပေါက်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး

"အမလေး စိန်ကြည် ကိုယ့်နောက် လိုက်လာတယ်…ဝမ်းသာလိုက်တာ…ကိုယ်သေမယ် ဆိုရင်တောင် သေပျော်ပါပြီ"

ဟုပြောပြီး စိန်ကြည်ကို ဒယီးဒယိုင်ဖြင့် ပြေးပွေ့ရန် ကြံလိုက်၏။





သို့သော် စိန်ကြည်က ကိုဝင်းမြင့်နှင့် အချစ်ပလူးလိုသော ဆန္ဒရှိပုံမရဘဲ မျက်နှာတည်တည်နှင့်

"ရှင်ဘယ်လိုဖြစ်ပြီး ဒီလောက်အကြာကြီး ပုန်းခိုနေတာလဲ၊ ရှင့်မှာ မိန်းမ တစ်ယောက်ရှိသေးတယ် ဆိုတာ သတိမရဘူးလား၊ ရှင့်ကြောင့် ကျွန်မ ဘယ်လောက် ဒုက္ခဆင်းရဲကြုံရသလဲ"

ဟု အပြစ်တင်လိုက်ရာ ကိုဝင်းမြင့်၏ မျက်နှာညှိုးသွားပြီး

"ဒီအကြောင်းတွေကို ကိုယ်အေးအေးဆေးဆေး ရှင်းပြပါမယ်ကွယ်"

ဟုဆိုလိုက်ရင်း ရင်ဘတ်ကို လက်ဖြင့် ဖိပြီး ချောင်းတဟွတ်ဟွတ်ဆိုးလာ၏။

ချောင်းဆိုးရင်း သွေးများလည်း ပါလာ၏။ ထိုအခါမှပင်



www.burmeseclassic.com

www.burmeseclassic.com



စိန်ကြည်သည် ယောက်ျားဖြစ်သူ လူ့ပြည်၌ ကြာကြာ မနေရတော့ဟု ရိပ်စားမိပြီး ဟန်ဆောင်ပန်ဆောင် ပွေ့ဖက်ကာ အခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။

ကိုဝင်းမြင့်သည် ဝေးလံသော ခရီးကို စိန်ကြည် လိုက်လာသဖြင့်ပင် သေမည်ဆိုလျှင် သေပျော်ပြီဟု ယူဆထားပုံရ၏။

စိန်ကြည်တစ်ယောက် မျက်စိမျက်နှာပျက်ပြီး သူ့နောက်ကို လိုက်ပါသွားခြင်းကို ရိပ်စားမိပုံ မရချေ။

မောင်ချစ်မြသည် မိမိ၏ မကောင်းသူပယ် ကောင်းသူကယ် စိတ်ဓာတ်ကြောင့် သူတစ်ပါးဝမ်းမြောက် ပျော်ရွှင်ရခြင်းကို များစွာပီတိဖြစ်မိ၏။





နောက်တစ်နေ့သို့ ရောက်သောအခါ မောင်ချစ်မြသည် ကိုဝင်းမြင့်၏ တဲသို့ ထွက်ခဲ့လေ၏။

ထိုအခါ တဲအတွင်းမှ စိန်ကြည် ထွက်လာပြီး

"မနက်ဖြန် ကျွန်မပြန်မယ်၊ ရှင်လိုက်ပို့ပေးပါ"

ဟုပြောလေရာ မောင်ချစ်မြသည် စိန်ကြည်ကို စကားမတုံ့ပြန်ဘဲ ကိုဝင်းမြင့်နှင့် တွေ့ရန် တဲအတွင်းကို ဝင်ခဲ့၏။

ထိုအခါ တဲအတွင်း၌မျက်နှာငယ်လေးနှင့် ထိုင်နေသော ကိုဝင်းမြင့်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းမြင့်က မောင်ချစ်မြ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး

"အခုလို ကူညီပေးတာ သိပ်ကျေးဇူးတင်တယ် မိတ်ဆွေ၊ ဒါပေမဲ့ ကျုပ် သိပ်နောက်ကျသွားပြီဗျာ၊ ကျုပ်ရောဂါက သိပ်ကျွမ်းနေပြီ၊ ကျုပ်မိန်းမကို ဒီတောကြီးထဲကို ခေါ်လာမိတာ မှားသွားပြီလား မသိဘူး"

ဟုပြောလေရာ မောင်ချစ်မြက သက်ပြင်းချပြီး

"ကိုဝင်းမြင့် ဘယ်လိုဆက်လုပ် ချင်လို့လဲ"

ဟုမေးမြန်းလေ၏။

ကိုဝင်းမြင့်က အဝေးဆီသို့ ငေးကြည့်ပြီး

"စိတ်ဓါတ်တွေ ပြိုလဲကျ နေတဲ့ ကျုပ်ဟာ နောက်ဆုံးအချိန်မှာ အင်မတန်ချစ်ရတဲ့ မိန်းမကို မြင်တွေ့ရလို့ ဝမ်းသာပါတယ်၊ ဒါဟာ မိတ်ဆွေရဲ့ကျေးဇူးပါပဲ"





ဟုပြောလေရာ မောင်ချစ်မြက ကိုဝင်းမြင့်ကို အားမလို အားမရ ဖြစ်သွားပြီး

"ခင်ဗျားမယား အဖော်ရှိတုန်း မြို့ကို ပြန်လိုက်သွားပါလားဗျာ"

ဟုပြောလိုက်ရာ ကိုဝင်းမြင့်က စိတ်ဆင်းရဲသော အမူအရာဖြင့်

"မဖြစ်လို့ပါ မိတ်ဆွေရယ်..မိတ်ဆွေက ကျုပ်ကျေးဇူးရှင်ဖြစ်လို့ ထိမ်ဝှက်မထားချင်တော့ပါဘူး၊ ကျုပ်ရဲ့နောက်ကြောင်းကို ပြောပြပါမယ်၊ ကျုပ်တို့ လင်မယားဟာ တစ်ဦးနဲ့တစ်ဦးချစ်ကြိုက်လို့ ယူခဲ့ကြတာပါ၊ ကျုပ်ဟာ မိန်းမကို အလွန်ချစ်လို့ အလိုလိုက် အကြိုက်ဆောင် ခဲ့တယ်၊ ကျုပ် မိန်းမရဲ့ ရုပ်ရည်ဟာ ခင်ဗျား မြင်တဲ့ အတိုင်း အင်မတန် ချောမော လှပတယ်၊ သူဟာ ပြဇာတ်မင်းသမီး လုပ်ဖို့ အင်မတန် ဝါသနာ ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါပေမဲ့ ကျုပ်တို့ ဘဝ မပြည့်စုံလို့ သူ့ကို အဝတ်အစား ကောင်းကောင်းတောင် ဆင်မပေးနိုင်ဘူး၊ ဒီလိုနဲ့ ကျုပ်ဟာ အသက်အာမခံ ကုမ္ပဏီမှာငွေကိုင်စာရေး ရာထူးကို ရတော့ ကျုပ်မိန်းမအတွက် ငွေတော်တော် များများကို အလွဲသုံးစား လုပ်ခဲ့တယ်၊ ကျုပ်မိန်းမ ရွှေတွဲလွဲ ငွေတွဲလွဲနဲ့ အလှဆုံး ဖြစ်နေတာ မြင်တော့ ကျုပ် သူ့ကို ကြည့်လို့မဝခဲ့ဘူး၊ နောက်ဆုံးတော့ ကုမ္ပဏီစာရင်းစစ်အဖွဲ့က ကျုပ်ရဲ့အလွဲသုံးစား မှုတွေကို သိသွားတော့ ကျုပ်မိန်းမက ကျုပ် ထောင်ကျမှာ မကြည့်ရက်လို့ တစ်နယ်တစ်ကျေးကို သွားပြီး ရှောင်တိမ်းနိုင်းတယ်၊ ဒါကြောင့်လဲ ဝေးလံခေါင်သီတဲ့ဟူးကောင်းချိုင့်ဝှမ်းလို နေရာမျိုးမှာ လာပြီး ရှောင်တိမ်း နေရတာပေါ့၊ ဒါပေမဲ့ ကျုပ်တို့ လင်မယားဟာ တစ်ဦးကိုတစ်ဦး အသည်းနင့်အောင် ချစ်ကြတဲ့အတွက် ဒီလို ဝေးလံခေါင်သီတဲ့ ဟူးကောင်းချိုင့်ဝှမ်းမှာ





အတူတူ ပေါင်းရင် ဖြစ်မလားဆိုပြီး မိတ်ဆွေကို အကူအညီ တောင်းမိတာပါ၊ ဒါပေမဲ့ အခုအချိန်မှာတော့ ခံလေသမျှ သဲရေကျပြီပေါ့ဗျာ..ကျုပ်ရဲ့ကျန်းမာရေး မကောင်းတော့ဘူးဗျ၊ ကျုပ် ဒီလောကမှာ ကြာကြာ မနေရတော့ ပါဘူးဗျာ၊ ဒါပေမဲ့ ကျုပ်ရဲ့ နောက်ဆုံးအချိန်မှာ အချစ်ဆုံးမိန်းမကို ပြန်တွေ့ရတဲ့အတွက် ကျုပ်ကျေနပ်ပါတယ်"

ဟုပြောလေရာ မောင်ချစ်မြက မျက်မှောင်ကြုတ်ပြီး

"ခင်ဗျားရဲ့မိန်းမရဲ့သဘောထားက ဘယ်လို ရှိသလဲ"

ဟုမေးမြန်းလေရာ ကိုဝင်းမြင့်၏ မျက်နှာ ပျက်ယွင်း သွားပြီး

"သူ့ဆန္ဒကတော့ ကျုပ်ဒီအရပ်မှာပဲ ဆက်နေပြီး ကျန်းမာရေး ကောင်းအောင် လုပ်ပါတဲ့၊ ကျုပ်ကျန်းမာရေး ကောင်းရင် သူ့ကိုယ်တိုင် လာပြီး ခေါ်မယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ မောင်ချစ်မြသည် စိန်ကြည်၏ ယုတ်မာကောက်ကျစ်သော သဘောကို ရိပ်စား မိသွား၏။

မိန်းမယုတ် စိန်ကြည်သည် ဘယ်သောအခါမျှ ကိုဝင်းမြင့်ကို လာခေါ်တော့မည် မဟုတ်ချေ။

ရန်ကုန်မြို့ သူဌေးဦးမြဘူး၏ ငယောက်မြောက် မယားလုပ်မှာ သေချာနေ၏။ ထို့ကြောင့် ကိုဝင်းမြင့်ကို ကရုဏာသက်ဟန်ဖြင့် ကြည့်ပြီး

"ဒီလိုမလုပ်နဲ့လေဗျာ၊ ခင်ဗျားရဲ့ရောဂါကို မြို့ကြီးပြကြီးမှာ ကုရင် ပိုမကောင်းဘူးလား။ ခင်ဗျား ရန်ကုန်ကို လိုက်သွားပါ၊ ရန်ကုန်ကို လိုက်မသွားရင် တစ်ချိန်ချိန်မှာ ခင်ဗျား ဒီထက်ပိုပြီး စိတ်ဆင်းရဲ ရလိမ့်မယ်"

ဟု ပြောလေရာ ကိုဝင်းမြင့်က

"ကျုပ်ရဲ့ ကျန်းမာရေးက ဒီလို ခရီးကြမ်းမျိုးကို သွား





နိုင်လောက်တဲ့ အနေအထား မရှိဘူး၊ နောက်ပြီးတော့ ကျုပ်မိန်းမကလည်း ရန်ကုန်မှာ နံမည်ကျော် ပြဇာတ်မင်းသမီး ဖြစ်နေပြီဗျ၊ ကျုပ် ရန်ကုန်လိုက်လို့ အမှုအခင်း ဖြစ်ရင်သူ့ဂုဏ်သိက္ခာကျဆင်းသွားလိမ့်မယ်"

ဟုပြောလိုက်ရာ မောင်ချစ်မြသည် စိန်ကြည်၏ ယုတ်မာကောက်ကျစ်သော အစီအမံများကို ရိပ်စားမိသွားပြီး

"ခင်ဗျားမိန်းမရဲ့ဂုဏ်သိက္ခာ ဟုတ်လား၊ သူ့မှာ ဘယ်လိုဂုဏ်သိက္ခာမျိုး ရှိသလဲ ဆိုတာ ခင်ဗျား သိလို့လား"

ဟု မချိတင်ကဲ ပြောလေရာ ကိုဝင်းမြင့်

"ဘာပဲဖြစ်ဖြစ် သူ့ကို ဘေးမသီရန်မခအောင် ရန်ကုန်ကို ပြန်ခေါ်ပေးပါ၊ အရေးအကြီးဆုံး မှာကြားချင်တာ ကတော့ မနက်ဖြန် နံနက် ကျုပ်မိန်းမကို ခေါ်သွားတဲ့ အချိန်မှာ ကျုပ်မမြင်ပါစေနဲ့ဗျာ၊ ကျုပ် သူ့ပြန်သွားတာကို အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြည့်နိုင်တဲ့ နလုံးသားမရှိဘူးဗျ၊ ကျေးဇူးပြုပြီး ကျုပ်ပြောတဲ့ အတိုင်း လုပ်ပေးပါဗျာ၊ မိတ်ဆွေ ကျေးဇူးကို ဘဝ ဆက်တိုင်းမမေ့ပါဘူး"

ဟုတောင်းပန်လေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့်ကို ပြောဆိုလို့ မရသည့်အဆုံးတွင် သူ့ဆန္ဒကိုဖြည့်ဆည်းပေးရန် ဆုံးဖြတ်လိုက်၏။





"မောင်ချစ်မြ ကိုဝင်းမြင့်၏
တဲတံခါးကိုဖွင့်လိုက်သော အခါ
အထဲ၌မြင်ရသော မြင်ကွင်းကြောင့်
ဟာခနဲ ဖြစ်သွားလေ၏။"



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ နံနက်အရုဏ်တက် အချိန်၌ မောင်ချစ်မြ နေထိုင်သော တဲတံခါး ခေါက်သံကြားသဖြင့် ဖွင့်ကြည့်လိုက်ရာ အထုပ်အပိုး ပြင်ဆင်ပြီး ခရီးထွက်ရန် စိတ်စောနေသော စိန်ကြည်ကို တွေ့လိုက်ရ၏။

မောင်ချစ်မြသည် တံခါးဝ၌ စိန်ကြည်ကို တွေ့လိုက်ရသဖြင့် အံ့ဩ သွားပြီး





"စောလှချည်လား၊ခင်ဗျား ယောက်ျား လွှတ်လိုက်တာလား"

ဟုမေးမြန်းလိုက်ရာ စိန်ကြည်က ခေါင်းခါယမ်းပြီး

"မလွှတ်ပါဘူး၊ ကျွန်မ ဘာသာ ထွက်လာတာပါ၊ သူတဲမှာ သူအိပ်တုန်း ရှိဦးမှာပေါ့"

ဟုပြောလေ၏။မောင်ချစ်မြက အံ့ဩသွားပြီး

"နေပါဦး၊ ညက ခင်ဗျား ယောက်ျားနဲ့ တူတူ မအိပ်ဘူးလား"

ဟုမေးမြန်းလိုက်ရာ စိန်ကြည်က ခေါင်းခါယမ်းပြီး

"သူ ကျွန်မကို ညက သူ့များတဲမှာ သွားအိပ် ခိုင်းတယ်၊ သူ့တဲမှာ ကျွန်မအိပ်ရင်မနက် ကျွန်မ ပြန်သွားတာ မြင်ရင် သူမခံစားနိုင်ဘူးတဲ့"

ဟုပြောလေရာ မောင်ချစ်မြသည် ကိုဝင်းမြင့်၏ ခံစား



www.burmeseclassic.com

www.burmeseclassic.com



ချက်ကို နားလည်သွားလေ၏။

လင်သား၏ အနှံ့အတာ မခံဘဲ တစ်ကိုယ်ကောင်း ဆန်သော စိန်ကြည်ကို ပိုမိုပြီး ရွံရှာ သွားလေ၏။

မောင်ချစ်မြသည် စိန်ကြည်ကို ခေါ်ပြီးထွက်ခဲ့လေ၏။ မောင်ချစ်မြသည် ကိုဝင်းမြင့်တဲ ရှေ့သို့ ရောက်သောအခါ တဲအတွင်းမှ စိတ်ဆင်းရဲ နေရှာသော ကိုဝင်းမြင့် ရှိနေမလား ဟုတွေးကာ စိတ်မကောင်း ဖြစ်မိ၏။

ထိုသို့တွေးရင်း လွန်ခဲ့သော နေ့က ကိုဝင်းမြင့် မိမိကို ကျေးဇူးတင်စကား ပြောခဲ့ပုံကို ပြန်လည်ကြားယောင်လာ၏။

" မိတ်ဆွေရဲ့ကျေးဇူးကို ဘဝ ဆက်တိုင်း မမေ့ပါ ဘူး"

မောင်ချစ်မြသည် ကိုဝင်းမြင့်၏ စကားကို ပြန်လည်ကြားယောင်ပြီး တစ်စုံတစ်ရာကို တွေးမိကာ ကိုဝင်းမြင့်၏ တဲရှိရာသို့ ကမူးရှူးထိုး ထွက်ပြေးလေ၏။





စိန်ကြည်က မောင်ချစ်မြကို နားမလည်ဟန်ဖြင့် ကြည့်ပြီး ကျန်ရစ်ခဲ့လေ၏။

မောင်ချစ်မြ ကိုဝင်းမြင့်၏ တဲတံခါးကို ဖွင့်လိုက်သောအခါ အထဲ၌ မြင်ရသော မြင်ကွင်းကြောင့် ဟာခနဲ ဖြစ်သွားလေ၏။

မောင်ချစ်မြသည် ကိုဝင်းမြင့်ကို မကြည့်ရက်ဟန်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး တက်တစ်ချက် ပြင်းပြင်းထန်ထန် ခေါက်လိုက်မိ၏။

စိန်ကြည်ကမူ မောင်ချစ်မြကို နားမလည်ဟန်နှင့် ကြည့်ပြီး

"ရှင် ဘာလုပ်နေတာလဲ..နေပူလာတော့မယ်၊ ကျွန်မတို့ သွားကြမယ်"

ဟုပြောလိုက်၏။ မောင်ချစ်မြသည် တစ်ကိုယ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြီးလင်ဖြစ်သူကို ကျေးဇူးကန်းသော စိန်ကြည်ကို သည်းမခံနိုင်တော့သဖြင့် သူမ ရှိရာသို့ သွားပြီး

"ခင်ဗျား...ဒီအရပ်က သိပ်သွားချင်နေသလား၊ သွားချင်မှာပေါ့...ရန်ကုန်မှာ ခင်ဗျားကို ယူမဲ့ သူဌေးဦးမြဘူး ရှိနေတာကိုး... သွားရပါစေမယ်၊ဒါပေမဲ့ ခင်ဗျားကို အင်မတန် ချစ်တဲ့ လင်ကြီး ဘယ်လို အဖြစ်မျိုးနဲ့ ကျွန်ရစ်ခဲ့ သလဲဆိုတာ ခင်ဗျား လာကြည့်စမ်းပါ"

ဟုဆိုကာ စိန်ကြည်၏လက်ကို ဆွဲခေါ်ပြီး တဲအတွင်းက မြင်ကွင်းကို ပြလိုက်လေ၏။

စိန်ကြည်သည် တဲအတွင်းရှိ မြင်ကွင်းကို ကြည့်ပြီး

"အမလေး"

ဟု ထိတ်လန့်တကြား အော်ကာ မြေပေါ်သို့ လဲကျ မေ့မြောသွားလေ၏။





တဲအတွင်း၌ ကိုဝင်းမြင့်သည် တုတ်တန်း၌ ဆွဲကြိုးချပြီး မိမိကိုယ်မိမိ သေကြောင်းကြံစည်ထားလေ၏။

မောင်ချစ်မြသည် အချစ်ကံဆိုး ရှာသော ကိုဝင်းမြင့်၏ ရာပနကိစ္စကို အမြန်ဆုံး ဆောင်ရွက်ပြီးနောက် မိန်းမယုတ် စိန်ကြည်ကို ရန်ကုန်မြို့သို့ ပြန်ပို့ပေးလိုက်လေ၏။

စိန်ကြည်သည် ရန်ကုန်သို့ ရောက်ပြီး သူဌေးဦးမြဘူး၏ ၄ယောက်မြောက် မယား အဖြစ် နေထိုင်ပြီး များမကြာမီ သူမနှင့်ကြာခိုသော ကုလားဒရိုင်ဘာ၏ဓားထိုးခြင်းခံရပြီး အသက်ဆုံး သွားလေ၏။ မိန်းမယုတ် တစ်ယောက်၏ ဇာတ်သိမ်း မကောင်းရှာချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မောင်ချစ်မြသည် တရုတ်တန်းရှိ ကလပ်တစ်ခုတွင် ညစာ စားသောက်နေခိုက်  လူငယ်တစ်စု အနီး၌ လာရောက် စားသောက်ကြပြီး လူငယ်တစ်ဦးက

"ဒီမှာ ရော်နီ မင်းတကယ်သွားတော့မှာလား"

ဟုဆိုလိုက်ရာ ရော်နီ ဆိုသော ကပြားလူငယ်က

"သွားမှာပေါ့ကွာ၊ မာနကြီးတဲ့ ကောင်မကို ပညာပေးရမယ်၊ ငါနဲ့တွေ့ပြီးရင် ဒီကောင်မ ဒူးနဲ့ မျက်ရည်သုတ်





သွားရမယ်"

ဟုပြောလိုက်၏။ အခြားသောလူငယ် တစ်ဦးက

"ရော်နီပြောတာလဲ ဟုတ်တယ်၊ ချယ်ရီဆိုတဲ့ ကောင်မက သိပ်မာနကြီးတယ်၊ ဒီကောင်မက မြန်မာတွေကို အထင်ကြီးတာ မဟုတ်ဘူး၊ မင်းကို ကပြားမို့ အထင်ကြီး ပြီး လက်ခံတာဖြစ်မယ်"

ဟုပြောလေ၏။

ရော်နီက ခေါင်းညိတ်ပြီး

"ဟုတ်တယ်ကွ၊ ဘာပဲဖြစ်ဖြစ် ချယ်ရီရဲ့အပျိုစင် ဘဝကို ဒီမရရအောင် ယူမယ်"

ဟုပြောလေရာ ကျန်လူငယ် တစ်ဦးက

"ချယ်ရီနေတဲ့ ကင်းဘဲလ်လမ်းကို မင်းဘယ်အချိန် သွားရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလေ၏။ ရော်နီက

"ဒီနေ့ည ၁၂ နာရီမှာ ခြံအနောက်က ဝင်ရမှာကွ၊ ချယ်ရီကသူ့အဒေါ် အပျိုကြီးနဲ့ တစ်ခြံတည်းနေတာ၊ အိမ်ရှေ့ ကဝင်လို့မလွယ်ဘူး"

ဟုဆိုလိုက်ရာ လူငယ်တစ်ဦးက

"ချယ်ရီလို အလှမျိုးကို ရတယ်ဆိုတော့ ပွပြီ ပေါ့ကွ… သူနဲ့ ဖြစ်ပြီးရင် အတည်တကျ ယူမှာလား"

ဟုမေးမြန်းလိုက်ရာ ရော်နီက

"ဒီကောင်မရဲ့ မာနကို ချိုးချင်လို့ သွားတာကွ၊ အ… တကယ်ယူလို့ ဘယ်ဖြစ်မှာလဲ၊ အတွင်းဝန် သမီးတင်… ယူဖို့ ငါ့မိဘတွေ စီစဉ်ထားပြီးသားပဲ"

ဟုပြောလိုက်ရာ လူငယ်များ၏ စကားကို နား… နေသော မောင်ချစ်မြသည် ရော်နီ ဆိုသော ကပြား…





စိတ်ဓာတ်ကို အလွန် ရွံမုန်းသွားလေ၏။

ရော်နီသည် မိန်းကလေး တစ်ယောက်ကို နှမချင်း မစာနာဘဲ ရက်ရက်စက်စက် ပြုကျင့်ပြီးမှ ပစ်ထားရန် ကြံစည် ထားပုံရ၏။

မောင်ချစ်မြသည် ချယ်ရီ ဆိုသော မိန်းကလေးအား လှုယုတ်မာရော်နီ၏ လက်မှ ကာကွယ်ရန် ဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် ကင်းဘဲလ်လမ်းသို့ ဦးစွာ ရောက်အောင်သွားပြီး လမ်းထိပ် ကွမ်းယာဆိုင်၌ ချယ်ရီ၏ အိမ်ကို မေးမြန်းလေ၏။ ချယ်ရီ၏ နေအိမ်သည် လမ်းအလယ်ပိုင်းတွင်ရှိသော တစ်ထပ်တိုက်လေး တစ်အိမ်ဖြစ်၏။

မောင်ချစ်မြသည် ညသန်းခေါင်အချိန်သို့ရောက်သောအခါကိုယ်ပျောက်ဆေးရည်တစ်စက်ကို လျှာတွင်တို့လိုက်ရာ သူ၏ ကိုယ်ခန္ဓာ ရုတ်တရက် ပျောက်ဆုံးသွားလေ၏။





မောင်ချစ်မြသည် ကိုယ်ပျောက်သွားသည်နှင့် ခြံစည်းရိုးပေါ်သို့ကျော်တက်လိုက်၏။

မောင်ချစ်မြသည် အိမ်၏ အနောက်ဘက်သို့ ပတ်ပြီး ဂျော်နီကိုသွားစောင့်လေ၏။ ဂျော်နီသည် ည ၁၂ နာရီ ကျော်ပြီးမှ ခြံအနီးသို့ ရောက်ရှိလေ၏။

မောင်ချစ်မြသည် ဂျော်နီကို မှတ်လောက် သားလောက်အောင် ဆုံးမရန် ရည်ရွယ်ပြီး ဂျော်နီ၏ မျက်နှာကို လက်ပြန်ဖြတ်ရိုက်လိုက်၏။

ဂျော်နီသည် မျက်နှာဖြတ်ရိုက်ခံရသဖြင့် အားခနဲ အော်ပြီး ယိုင်လဲသွား၏။

မောင်ချစ်မြက

"မိန်းကလေးတွေကို ဖျက်ဆီးမဲ့ကောင်သေပေတော့"

ဟုကြုံးဝါးကာ ဂျော်နီကို တစ်ချက်ပြီး တစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်နက်လေရာ ဂျော်နီသည် အထိတ်တလန့်ဖြင့်

"အမလေး…ကြောက်ပါပြီ မဖျက်ဆီးတော့ပါဘူး"

ဟုအော်ဟစ်ပြီး ထိုနေရာမှ ထွက်ပြေးလေ၏။

မောင်ချစ်မြသည် ဂျော်နီကို မှတ်လောက်သား လောက်အောင် ဆုံးမပြီးနောက် ထွက်ခွာရန် ပြင်ဆင်နေစဉ် ခွေးများခြံအနောက်တွင်တဝုတ်ဝုတ် ဟောင်နေသဖြင့် ခြံစည်းရိုးအနီးတွင် ခဏထိုင်နေမိ၏။

သူ၏ကိုယ်ပျောက်ခန္ဓာကို လူများမမြင်နိုင်သော်လည်း ခွေးနှင့်ကြောင်များက မြင်နိုင်ကြောင်း အံ့ဩဖွယ် တွေ့ရ၏။

ထိုသို့ထိုင်နေရင်း သူ၏ လက်က မြေပေါ်တွင်ကျ နေသော ပုလင်းတစ်လုံးကို စမ်းမိလေ၏။

ထိုပုလင်းသည် ဂျော်နီ ကျန်ရစ်ခဲ့သော အရက်ပုလင်း ဖြစ်ပုံရ၏။





မောင်ချစ်မြသည် ခွေးများကို စောင့်ရင်း အာခြောက် သလို ဖြစ်လာသဖြင့် အရက်ပုလင်းကို ဖွင့်ပြီး တစ်ငုံ သောက် လိုက်၏။

မောင်ချစ်မြသည် အရက်ကို သောက်လေ့သောက်ထ မရှိသော အရှုရိုး တစ်ယောက် ဖြစ်၏။

ထို့ကြောင့် အရက်ကို တစ်ငုံပြီး တစ်ငုံ သောက် ပြီး သောအခါ မူးယစ်ရီဝေလာ၏။

သူသည် ခွေးဟောင်သံများ ခြံစည်းရိုးအနီးတွင် ကြား ရသဖြင့် အိမ်၏ အနောက်ဘက် တံခါးအနီးကပ်ပြီး ပုန်းနို နေမိ၏။

ထိုစဉ် မောင်ချစ်မြ ပုန်းနိုနေသော တံခါး ပွင့်လာပြီး တံခါးမှ ထွက်လာသော လူတစ်ယောက်နှင့် မောင်ချစ်မြ၏ ကိုယ်ပျောက်ခန္ဓာတိုက်မိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ် မြသည် လူတစ်ယောက်နှင့် တိုက်မိသဖြင့် ခေါင်းနားပန်း ကြီးသွားပြီး ရှန်းကန်ရန် ပြင်လိုက်၏။

ထိုသူ၏ ကိုယ်ခန္ဓာသည် အိစက်ညက်ညောနေသဖြင့် ချယ်ရီ ဖြစ်ကြောင်း သိလိုက်ရ၏။

ချယ်ရီသည် မောင်ချစ်မြကိုတင်းတင်းဖက်လိုက်ပြီး

"ခွေးဟောင်သံတွေကြားလို့ဂျော်နီ ရောက်ပြီထင် သားပဲ...လာ..အထဲကို ဝင်ရအောင် အပြင်မှာဆို အဒေါ်တွေ့သွားမယ်"

ဟုဆိုကာ မောင်ချစ်မြ၏ ကိုယ်ပျောက်ခန္ဓာကို ဖက်ပြီး ခေါ်ဆောင်သွားလေ၏။

မောင်ချစ်မြသည် မရုန်းကန်နိုင်ဘဲ ချယ်ရီ ၏ အိပ်ခန်းထဲသို့ ရောက်ရှိသွားလေ၏။

အမှောင်ထုကြီးစိုးနေသဖြင့် ချယ်ရီသည် မောင်ချစ်မြ





ကို ဂျော်နီဟု ထင်မြင်နေလေ၏။

မောင်ချစ်မြသည် သောက်လေ့ မရှိသော အရက်များကို သောက်ပြီး ခေါင်းထဲတွင် ရီဝေနေသဖြင့် သွေးများ ပူနွေးလာ၏။

သူ၏ရင်ထဲတွင် ပေါက်ကွဲလုမတတ် ဆူညံနေ၏။

ချယ်ရီ၏ အထိအတွေ့များမှာလည်း နူးညံ့သိမ်မွေ့လွန်းလှ၏။

နောက်ဆုံးတွင် မောင်ချစ်မြသည် အတွေ့၏ ဒဏ်ကို ခံနိုင်ဘဲ အမိုက်မှောင်ထဲသို့ တိုးဝင်သွားလေ၏။

မောင်ချစ်မြ အမူးပြေပြီးအိပ်ရာက နိုးသောအခါ ချယ်ရီ၏အိပ်ယာပေါ်တွင် အိပ်ပျော်နေကြောင်းတွေ့လိုက်ရသဖြင့် ခေါင်းနပန်းကြီးသွားပြီး မိမိကိုယ် မိမိ များစွာ နောင်တရသွားရမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိ၌ ကိုယ်ပျောက်ဆေး အစွမ်း ရှိနေသေးကြောင်း တွေ့လိုက်ရသဖြင့် ထိုနေရာမှ အမြန်ဆုံး ထွက်ရန်ကြံစည်လိုက်၏။

သူသည် ခွေခွေလေး အိပ်ပျော်နေသော မိန်းမလှလေး ချယ်ရီအား နောက်ဆုံး အနေဖြင့် ကြည့်လိုက်ပြီး ကျောခိုင်း ထွက်ခွာလာခဲ့၏။





"မိန်းကလေး တစ်ယောက်၏
အပျိုစင်ဘဝကို
ကယ်တင်မည်ဟု ကြံစည်သော သူသည်
မိန်းကလေး၏ ဘဝကို
ကိုယ်တိုင် ဖျက်ဆီးမိသွား၏။"



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြ အိမ်ပြင်သို့ ရောက်သောအခါ နံနက် အရုဏ်တက် အချိန်သို့ပင် ရောက်ရှိနေလေ၏။

မောင်ချစ်မြ၏ ကိုယ်ခန္ဓာသည် ကိုယ်ပျောက်ဆေး အစွမ်းကုန်သွားသဖြင့်တဖြည်းဖြည်း ပြန်ပေါ်လာ၏။

ထိုအချိန်၌ လမ်းထိပ် မီးကင်းတဲ၌ အိပ်ပျော်နေသော တရုတ်ဘိန်းစားတစ်ယောက်သည် အိပ်ရာမှ နိုးလာပြီး





က်နာသစ်ရှန် ပြင်နေစဉ် မောင်ချစ်မြကို မြင်လိုက်၏။

တရုတ်ဘိန်းစားသည် သူ၏ ရှေ့၌ လူရိပ် တစ်ခု၏ ရိပ်ကို ဝိုးတဝါး မြင်လိုက်ပြီး တဖြည်းဖြည်း ပီပြင်စွာ မြင် ိုက်ရသဖြင့် ထိတ်လန့်တုန်လှုပ်ပြီး

"သရဲ…သရဲ"

ဟုအော်ဟစ် လိုက်လေ၏။

မောင်ချစ်မြသည် နောက်တစ်နေ့သို့ ရောက်သော ခါ မိမိ အပြစ်ကို မိမိ ဆင်ခြင်ပြီး များစွာ နောင်တ တရား မိ၏။

မိန်းကလေးတစ်ယောက်၏အပျိုစင်ဘဝကိုကာယတင် ည်ဟု ကြံစည်သော သူသည် မိန်းကလေး၏ ဘဝကို ကိုယ် ိုင် ဖျက်ဆီးမိသွား၏။

ထိုသို့ မှားယွင်းရခြင်းမှာ အရက်ကြောင့် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မိမိ တစ်သက်မှာ တစ်ကြိမ်ပင် မသောက်ဖူးသော အရက်ကို မှားယွင်းပြီး သောက်မိသောကြောင့် ဖြစ်၏။

မည်သို့ပင်ဖြစ်စေ ချယ်ရီဘဝကို တာဝန်ယူရန် ယောကျ်ားကောင်း တစ်ယောက် အနေဖြင့် တာဝန်ရှိသည် ဟုယူဆ၏။

ထို့ကြောင့် ချယ်ရီကို လက်ထပ်ရန် ဆုံးဖြတ်လိုက်၏။ သို့သော် ချယ်ရီနှင့်မိမိ ငြိစွန်းမှုသည် လူမသိသူမသိ မှားယွင်းမှုဖြစ်၏။

မိမိ၏ အပြစ်ကို ချယ်ရီ ကိုယ်တိုင်ပင် မသိချေ။ ချယ်ရီသည် သူ၏ချစ်သူ ဂျော်နီနှင့် မှားယွင်းပြီးမိမိအချစ် ကိုလက်ခံခြင်းဖြစ်၏။ မောင်ချစ်မြသည် ချယ်ရီ၏ အချစ်ကိုဦးစွာ ရယူရန် လိုသည်ဟု သုံးသပ်မိ၏။

ထို့ကြောင့် ချယ်ရီ အလုပ်လုပ်သော ရုံးကုမ္ပဏီသို့





မကြာခဏ သွားပြီး သူမ၏ အချစ်ကို ရယူရန် ကြိုးစား လေ၏။

သို့သော် ချယ်ရီသည် အလွန်မာန ထောင်လွှားသော မိန်းမတစ်ယောက်ဖြစ်ပြီး မြန်မာလူမျိုး အချင်းချင်း အထင်ကြီးသူ မဟုတ်ချေ။

ထို့ကြောင့် မောင်ချစ်မြ၏ ချည်းကပ်မှုကို လက်မခံဘဲ နှိုင်းပြစွာ တုံ့ပြန်လေ၏။

သို့သော် မောင်ချစ်မြသည် သူမ အပေါ် မိမိ၏ အကြွေးတင်ရှိနေသဖြင့် သူမ အချစ်ကို မရရအောင် ကြိုး စားလေ၏။

မည်သို့ပင် ကြိုးစားစေကာမူ ချယ်ရီသည် မြန်မာ တစ်ယောက်ကို အိမ်ထောင်မပြုလိုဘဲ သူမ၏ ဖူးစာဖက်ကို ဘိုကပြားတစ်ယောက်သာ ဖြစ်ရမည်ဟု ဆုံးဖြတ်ထားသဖြင့် မောင်ချစ်မြကို ခါးသီးစွာ ဆက်ဆံလေ၏။

ချယ်ရီက



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ..ကျွန်မ ဆုံးဖြတ်ချက်ကို ဘယ်တော့မှ ပြင်မှာ မဟုတ်ဘူး၊ ဒီလို မပြင်ဖို့လဲ သေဆုံးသွားတဲ့ ကျွန်မ မာမိကို ကတိ ပေးထားခဲ့တယ်၊ ကျွန်မဘယ်တော့မှ မြန်မာ တစ်ယောက်ကိုယူမှာမဟုတ်ဘူး"

ဟုဆိုလိုက်ရာ မောင်ချစ်မြက

"မင်းဘာလို့မျိုးမစစ်တဲ့သူတွေကိုအထင်ကြီးရတာလဲ၊ မြန်မာတွေကို ဘာကြောင့် အထင်သေးနေတာလဲ"

ဟုမေးမြန်းလိုက်၏ ချယ်ရီက မျက်နှာကို မဲ့လိုက်ပြီး

"ကျွန်မအမေက ကပြားမ တစ်ယောက်ပဲ၊ ကျွန်မ အဖေလဲကပြားပဲ၊ ဒါကြောင့် ရှင် အင်မတန် ချစ်ပါတယ် ဆိုတဲ့ ကျွန်မကိုယ်တိုင်လည်း ကပြားမတစ်ယောက်ဆိုတာ သတိရဦး"

ဟုပြောလေရာ မောင်ချစ်မြက သက်ပြင်းချပြီး





"ဘာပဲဖြစ်ဖြစ် မင်းကိုယ်တိုင် မြန်မာမြေမှာနေပြီး မြန်မာ့ရေကို သောက်နေရတာ မဟုတ်ဘူးလား၊ မြန်မာ့ လူ့ဘောင့်ကိုဒီလောက် အထင်သေးစရာမလိုပါဘူး"

ဟုပြောလေရာ ချယ်ရီက သက်ပြင်းချပြီး

"ကျွန်မ ဒါတွေ နားမလည်ဘူး။ မိဘစကားကို မြေဝယ် ကျ နားထောင်ဖို့ပဲ သိတယ်"

ဟုပြောလေရာ မောင်ချစ်မြသည် ယောကျ်ားကောင်း ပီပီ မိမိတာဝန်ကိုယူလိုသူ ဖြစ်သဖြင့် သူမ၏ သဘောထားကို အားမလို အားမရ ဖြစ်ကာ

"မင်းနဲ့ငါ ဒီလောက်ကြီး ရင်းနှီးပြီးမှကွာ..မင်းကို ဘူးလွှန်ခဲ့ဖူးတဲ့ယောကျ်ား တစ်ယောက်ရဲ့ဆန္ဒကို ငြင်းဆန်ဖို့ သင့်ဘူးကွ"

ဟု စိတ်ထဲက ပြောဆိုနေမိ၏။ မောင်ချစ်မြသည်



www.burmeseclassic.com

www.burmeseclassic.com



ချယ်ရီ၏ဘဝကို ယောကျ်ားကောင်းပီပီ တာဝန်ယူလို သော်လည်း ချယ်ရီ၏ သဘောထားဘင်းမာမှုကြောင့် လက် လျှော့လိုက်လေ၏။





‘ ဖျူရီကရက် အရာရှိဆိုး
တော်တော်များများကိုလည်း
လိမ္မာယဉ်ကျေးအောင် ပြုလုပ်ပေးခဲ့သဖြင့်
လူအများစိတ်ချမ်းသာခဲ့ရ၏။ ’



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် မိမိ၌ တာဝန်ဝတ္တရားများစွာ ကျန်ရှိသေးသဖြင့် မြန်မာပြည် အရပ်ရပ်သို့ ထွက်ခဲ့လေ၏။

သူသည် ရောက်လေရာ အရပ်များ၌ ဗျူရိုကရက် အရာရှိဆိုးများ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်သူများ၊ လူဆိုး လူသွမ်းများကို ရှာဖွေပြီး နှိမ်နင်းခဲ့လေရာ ကိုယ်ပျောက် လူစွန့်စားတစ်ဦးပေါ်ပေါက်နေသည်ဟူသောကောလဟာလ တစ်မျိုး





ပင် ထွက်ခဲ့လေ၏။

မောင်ချစ်မြသည်ရာဇဝင်လူဆိုး အများအပြားကို ရှာဖွေပြီး ဖမ်းဆီးပေးခဲ့၏။

ပုလိပ်များသည် မိမိတို့ဌာနရှေ့တွင်ရာဇဝင် လူဆိုးများကိုကြိုးတုတ်လျက်သား တွေ့ရသဖြင့် အံ့သြတကြီး ဖြစ်ခဲ့ရ၏။

ဗျူရိုကရက် အရာရှိဆိုး တော်တော်များများတိုလည်း လိမ္မာယဉ်ကျေးအောင် ပြုလုပ်ပေးခဲ့သဖြင့် လူအများ စိတ်ချမ်းသာခဲ့ရ၏။

ကျေးရွာရှင် ဦးဒီပ တီထွင်ခဲ့သော ကိုယ်ပျောက်ဆေးများလည်း တဖြည်းဖြည်း ကုန်ဆုံးသွားခဲ့၏။

မောင်ချစ်မြသည် ကုန်ဆုံးသွားသော ကိုယ်ပျောက်ဆေးပုလင်းကို ကြည့်ပြီး

"ဘကြီးတီထွင်ခဲ့တဲ့ ဆေးတွေကို အများ အကျိုးရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင်အသုံးချခဲ့ပါတယ်ဗျာ…ဘကြီးတမလွန်ဘဝကနေကျေနပ်ပါတော့"

ဟုတီးတိုး ပြောဆိုနေမိ၏။

ပုလင်းထဲရှိကိုယ်ပျောက်ဆေးရည်များ ကုန်ဆုံးသွားပြီး နောက်ဆုံး ဆေးရည် တစ်စက်ခန့်သာကျန်ရှိခဲ့၏။





မောင်ချစ်မြသည် ချယ်ရီနှင့် တွေ့ဆုံခဲ့ပြီး ၄နှစ်ခန့်ရှိသောအခါ သတင်းစာထဲရှိ မှုခင်းသတင်းတစ်ပုဒ်ကို ဖတ်ပြီး တုန်လှုပ်ချောက်ချားသွားလေ၏။

ထိုသတင်း၌ ရန်ကုန်မြို့ကင်းဘဲလ် လမ်းတွင် နေထိုင်သော မိန်းမလှလေး ချယ်ရီ တစ်ယောက် သူမ၏ အချစ်ကို အရှုံးအမှုးလိုချင်သော လူငယ်တစ်ဦး၏ သတ်ဖြတ်ခြင်းကြောင့် သေဆုံးသွားကြောင်း ဖော်ပြထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းထဲတွင် ချယ်ရီ၌ သားတစ်ယောက် ကျန်ခဲ့ကြောင်း ဖော်ပြထား၏။ မောင်ချစ်မြသည် ချယ်ရီ၌ သားတစ်ယောက် ကျန်ခဲ့သည် ဆိုသဖြင့် မျက်မှောင်ကြုတ် လိုက်မိ၏။

ယောကျ်ားမရှိသော ချယ်ရီ၌ အဘယ်ကြောင့် သား တစ်ယောက် ရှိနေတာလဲ.. မောင်ချစ်မြသည် ချယ်ရီ၏ သတင်းကြောင့် ရန်ကုန်မြို့သို့ အမြန်ဆုံး လိုက်သွားပြီး သူမ ၏သူငယ်ချင်း တစ်ယောက်ဟန်ဆောင်ပြီး မေးမြန်း လေ၏။

ထိုအခါက အိမ်နီးချင်းမိန်းမက ချယ်ရီသည် ဆွေမဲ့မျိုးမဲ့ ဖြစ်နေပြီး ချယ်ရီ၏ ကျန်ရှိခဲ့သော သားလေးမှာလည်း ခိုကိုးရာမဲ့ ဖြစ်နေကြောင်း သိရ၏။

မောင်ချစ်မြသည် စိတ်လှုပ်ရှားဟန်ဖြင့်

"ချယ်ရီ ကလေးရဲ့ဖခင် ဘယ်မှာလဲ"





ဟုဆိုလိုက်ရာ အိမ်နီးချင်းမိန်းမက

"သေသူ အကြောင်းကို ပြောလို့တော့ မကောင်းဘူး။ ဒီကလေးဟာ အဖေ မပေါ်ပဲ မွေးတာရှင့်၊ ချယ်ရီဟာ ကလေးရဲ့ အဖေကို မဖော်ပြနိုင်ပေမဲ့ မိခင်စိတ်ရှိသူ ပီပီကလေးကို မဖြစ်ဖြစ်အောင်မွေးခဲ့တယ်၊ ကျွန်မတို့တော့ မိန်းမချင်းကိုယ် ချင်းစာပြီး ချယ်ရီကို စော်ကားတဲ့လူယုတ်မာကိုသာ အသေ သတ်ချင်တယ်၊ တကယ်တော့ ချယ်ရီဟာ မာနကြီးတာက လွဲလို့ယောကျ်ားတွေနဲ့ ရှုပ်ရှုပ်ပွေပွေနေတဲ့ မိန်းမ မဟုတ်ဘူး"

ဟုဆိုလိုက်ရာ မောင်ချစ်မြသည် ကလေး၏အသက်ကို ခန့်မှန်းတွက်ချက်ပြီး မိမိနှင့် ငြိစွန်းပြီးရရှိခဲ့သော ကလေးဟု ယူဆကာ ကလေးကို တွေ့ချင်ကြောင်း အလောတကြီး ပြော လိုက်၏။

အိမ်နီးချင်း မိန်းမက တစ်ဖက်အိမ်တွင် ရောက်ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



သော ကလေးကို မောင်ချစ်မြ အရှေ့သို့ ခေါ်ဆောင်လာလေရာ ကလေးသည် ချစ်စဖွယ် ကောင်းပြီး မိမိ၏ရုပ်ရည်နှင့် အလွန်တူ သည်ဟု ခံစားမိလေ၏။

ထို့ကြောင့် မောင်ချစ်မြသည် နိုကိုးရာမဲ့ ဖြစ်နေသော ကလေးကို မိမိ မွေးစားမည်ဟု ဆိုလိုက်ရာ အိမ်နီးချင်းများက ဝမ်းသာအားရ လက်ခံလေ၏။

မောင်ချစ်မြသည် ကလေး၏ အမည်ကို မောင်မင်းမြတ်ဟု အမည်ပေးကာ သားအရင်းကဲ့သို့ ပြုစု စောင့်ရှောက်လေ၏။

မောင်မင်းမြတ်သည် သူ၏ သားအရင်း ဖြစ်မည်ဟုလည်း ယုံကြည်နေမိ၏။

မောင်ချစ်မြသည် ငွေကြေးအမြောက်အမြား ကျန်ရှိသေးသဖြင့် အများအကျိုးဆောင်သည့် လုပ်ငန်းများ ဆက်





လက်လုပ်ကိုင်ရန်ဆုံးဖြတ်လိုက်၏။

သူသည် မြို့အရပ်၏ အကျိုးထက် တောနယ်များ၏ အကျိုးကို ပိုမိုဆောင်ရွက်လိုသဖြင့် ပဲခူးရိုးမအနီးရှိ ရွာကြီးတစ်ရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေ၏။

ထိုအရပ်၌ လမ်းဖောက် တံတားဆောက်သည့် လုပ်ငန်းများ အပါအဝင် ဆင်းရဲနွမ်းပါးသူများကို နည်းအမျိုးမျိုးဖြင့် ကူညီထောက်ပံ့ပေးလေရာ တစ်ရွာလုံး သာမက အနီးအနားရွာများ၏လေးစားကြည်ညိုခြင်းကိုပင် ခံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် သားဖြစ်သူမောင်မင်းမြတ်ကို ရှာဦးကျောင်း၌ပင် ပညာသင်ကြားစေခဲ့၏။ မောင်ချစ်မြသည် တောအရပ်၌ အများအကျိုးပြုရင်း ရွာခံမုဆိုးများနှင့် ပေါင်းသင်းမိပြီး အမဲပစ်သည့် အလုပ်ကို ဝါသနာ ထုံသွားလေ၏။

ထို့ကြောင့် အားလပ်သည့် အချိန်တိုင်း ရိုးမတောထဲသို့ဝင်ပြီး အမဲပစ်တတ်လာ၏။ ထိုသို့အမဲပစ်သည့် အခါတိုင်း သားဖြစ်သူ မောင်မင်းမြတ်က





"သားလဲတောထဲကို လိုက်ပြီးအမဲပစ်ချင်တယ် အဖေ"

ဟု ပူဆာလေရာ မောင်ချစ်မြက

"အဖေနဲ့ ဝါသနာ တူတဲ့သား.. ငါ့သား အစစ်ဆိုတာ ပိုသေချာသွားပြီ"

ဟုတွေးကာ များစွာ ပီတိ ဖြစ်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် မောင်ချစ်မြတို့ ရွာသို့ သစ်တောဌာနမှ တောအုပ်လေး ချာလီဆိုသူရောက်ရှိလာပြီး ချာလီသည် လူတန်းစား မခွဲခြားတတ်သည့်အပြင် တောပစ်ဝါသနာ အလွန်ပါသူဖြစ်သဖြင့် ဝါသနာတူခြင်း မိတ်ဆွေဖြစ်ကာ တွဲမိကြလေ၏။

မောင်ချစ်မြနှင့် ချာလီသည် တောပစ်ထွက်သည့် အခါတိုင်းအတူတူထွက်ကြလေ၏။

တောအုပ်ချာလီသည် ငွေကြေး ချမ်းသာသော မိသားစုမှ ပေါက်ဖွားလာပြီး ဘီလပ်၌ပင်ပညာသင်ခဲ့ဖူးသည်ဟု





သိရ၏။

တောအုပ်ချာလီသည် မောင်ချစ်မြ၏ အများအကျိုးဆောင်သည့် လုပ်ငန်းများကို အားတက်သရော ထောက်ခံပြီး မောင်ချစ်မြကို ခင်မင်လေးစားသူဖြစ်၏။

သူတို့ နှစ်ယောက်သည် အားလပ်သည့် အချိန်တိုင်း တွေ့ဆုံကြပြီး ပျော်ရွှင်စွာ သောက်စားကြလေ၏။

တောအုပ်ချာလီသည် မောင်မင်းမြတ်လေးကို အလွန် ချစ်ခင်ပြီး မောင်မင်းမြတ် ဆင်စီးချင်သည်ဆိုသဖြင့် သစ်တောဌာနမှ ဆင်ကြီးကို ရွာသို့ ယူလာပြီး မောင်ချစ်မြ စိတ်တိုင်းကျ စီးနိုင်အောင် စီစဉ်ပေးလေ၏။

ထို့ကြောင့် မောင်မင်းမြတ်လေးသည် တောအုပ် ချာလီကို အလွန် ခင်မင်နေလေ၏။

www.burmeseclassic.com



တစ်နေ့တွင် တောအုပ်ချာလီသည် မောင်ချစ်မြကို တောဝက်သားရသည်ဆိုပြီး စားသောက်ရန် ခေါ်လေ၏။

မောင်ချစ်မြနှင့်ချာလီသည် သစ်လုံးအိမ်ထဲတွင် ထိုင်ပြီးအတူတူစားသောက်ကြလေ၏။ထိုသို့စားသောက်ရင်း တောအုပ်ချာလီက

"ကိုချစ်မြ...ခင်ဗျားနဲ့ ကျုပ်ဟာ အခင်ဆုံး မိတ်ဆွေတွေ





ဖြစ်နေပြီ...ဒါကြောင့် ကျုပ်ရင်ထဲမှာ အပြင်းအထန်ခံစားနေရတဲ့ ခံစားချက်တွေကို ရင်ဖွင့် ချင်တယ်ဗျာ၊ ကျုပ်ခံစားရမှုတွေကို ခင်ဗျား နားထောင်ပေးမှာလား"

ဟုမေးမြန်းလေရာ မောင်ချစ်မြက

"ဘာလို့ နားမထောင်နိုင်ရမှာလဲ ကိုယ့်လူရဲ့ ခင်ဗျား ခံစားချက်ဟာ ကျုပ်ခံစားချက်ပဲပေါ့"

ဟုဆိုလိုက်ရာ တောအုပ်ချာလီက

"ဒါဆိုရင်လဲ ရင်ဖွင့်မယ်ဗျာ၊ ကျုပ်အကြောင်း သိပြီးရင် ခင်ဗျား စိတ်မဆိုးရဘူး၊ တကယ်တော့ ကျုပ်ဟာ သူရဲဘော ကြောင်တဲ့ လူတစ်ယောက်ပျ၊ မိန်းကလေးတစ် ယောက်ဟာ ကျုပ်ကြောင့် အရှက်ရခဲ့တယ်၊ သူများတံတွေးခွက်မှာ ပက် လက်မျောခဲ့ရတယ်၊ ကျုပ်သိပ် တစ်ကိုယ် ကောင်းဆန်ခဲ့ တယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီး မျက်လုံးအိမ်မှ မျက်ရည်များစီးကျလာ၏။

မောင်ချစ်မြက ချာလီ၏ ပခုံးကို ဖက်ပြီး နှစ်သိမ့်ကာ

"မငိုပါနဲ့ဗျာ..လူဆိုတာ တစ်သက်မှာ တစ်ကြိမ် အမှား လုပ်မိကြတာပဲ၊ ဆက်ပြောပါဦး"

ဟုပြောလေ၏။ ထိုအခါ ချာလီက

"ကျုပ်ဟာ မိန်းကလေး တစ်ယောက်နဲ့ မမျှော်လင့်ဘဲ ဆုံပြီးမေတ္တာမျှခဲ့တယ်၊ အချိန်ခဏလေးမှာ သူနဲ့ လွန်ကျူး မိသွားတယ်၊ နောက်တော့ မိန်းကလေးမှာ ကိုယ်ဝန်ရှိသွားပြီး သူ့ကိုတာဝန်ယူဖို့ ကြံနေတုန်းမှာ ကျုပ် မိဘတွေက ကျုပ်ကို ဖွတ်အတင်း ဘိလပ်ကို ပညာသင်ဖို့ စေလွှတ်ခဲ့တယ်၊ ကျုပ် ကြောင့် မိန်းကလေးဘက်က ဘယ်လောက် အရှက်တကွဲ အကျိုးနည်း ဖြစ်မယ်ဆိုတာ စဉ်းစားကြည့်ပါဗျာ... ကျုပ် တော်တော် တစ်ကိုယ်ကောင်း ဆန်ခဲ့တယ်"





ဟုဆိုလိုက်ရာ မောင်ချစ်မြသည် သူတို့ အချင်းချင်း နှစ်ယောက် အဖြစ်ချင်း တိုက်တိုက်ဆိုင်ဆိုင် တူနေကြသည်ကို အံ့သြသွားမိ၏။

တောအုပ်ချာလီက ဆက်ပြီး

"ကျုပ် ပညာတော်သင်ပြီး ပြန်လာတော့ ကျုပ်ချစ်သူ မိန်းကလေးကို ဝန်ချတောင်းပန်ဖို့ သွားတော့ နောက်ကျ သွားပြီဗျာ၊ သူမရှိတော့ဘူး၊ ကျုပ်နဲ့ရတဲ့ ကိုယ်ဝန်ကိုလဲ သူဟာ မိခင်ကောင်းပီသစွာ မွေးဖွားခဲ့တယ်လို့ သိရတယ်"

ဟုဆိုလိုက်ရာ မောင်ချစ်မြသည် တောအုပ်ချာလီ၏ အဖြစ်သည် မိမိနှင့်တူလွန်းသဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး

"ခင်ဗျားရဲ့ချစ်သူ ဘယ်ရောက်သွားတာလဲ"

ဟုမေးမြန်းလိုက်၏။ တောအုပ်ချာလီက

"ကျုပ်ချစ်သူ မိန်းကလေး သေပြီဗျ၊ သူ့မေတ္တာကို အရှုံး



www.burmeseclassic.com

www.burmeseclassic.com



အမှုးလိုချင်နေတဲ့ တကျာ့ရှူးတစ်ယောက်က ဓားနဲ့ ထိုးတာခံလိုက်ရတယ်၊ ကျုပ်ရဲ့သားလေးကိုလည်း ကျုပ်ချစ်သူရဲ့သူငယ်ချင်းက သနားလို့မွေးစားမယ် ဆိုပြီး ခေါ်သွားတယ်တဲ့ဗျာ၊ ကျုပ်ဒီလူကို မြန်မာပြည်အနှံ့ လှည့်ပြီး ရှာနေတာဗျ"

ဟုဆိုလိုက်ရာ မောင်ချစ်မြတ်သည် လွန်စွာ စိတ်လှုပ်ရှားသွားပြီး

"ခင်ဗျား ချစ်သူက နံမည် ဘယ်လိုခေါ်သလဲ"

ဟုမေးမြန်းလေ၏။ တောအုပ်ချာလီက

"ကျုပ်ချစ်သူနံမည်ကချယ်ရီ လို့ခေါ်တယ်၊ ရန်ကုန်မြို့ကင်းဘဲလ်လမ်းမှာ နေတယ်ဗျ"

ဟု ဆိုလိုက်ရာ မောင်ချစ်မြသည် မျက်လုံးများ ပြာဝေသွားလေ၏။ တောအုပ်ချာလီ၏ ပြောစကားအရ ဆိုလျှင် သားလေး မောင်မင်းမြတ်သည် ချာလီ၏ သားဖြစ်နေ၏။





ချယ်ရီသည် မိမိနှင့် လွန်ကျူးပြီးကာမှ တောအုပ်ချာလီနှင့် ထပ်မံလွန်ကျူးမိခြင်းပေလော... မည်သို့ပင်ဖြစ်စေ မိမိ၏ ရင်နှစ်သည်းခြာသားကလေးကို တောအုပ်ချာလီ၏ လက်ထဲသို့ မထည့်နိုင်ချေ။

တောအုပ်ချာလီ လူ့လောကဌ် ရှိနေသရွေ့ သားကလေးကို လိုက်လံ ရှာဖွေနေမှာ သေချာ၏။

သူသည် ချာလီကို သူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်သော်လည်း သားဖြစ်သူနှင့်ပတ်သက်ပြီး လူ့လောကဌ် အရှင်ထားလိုစိတ် မရှိတော့ချေ။

ထို့ကြောင့် အနီးတွင် ရှိသော ဓားဖြင့် ချာလီကို လက်စတုန်း စီရင်လိုက်လျှင် ကောင်းမည် ဆိုသော ဒုစရိုက်စိတ်မျိုးဝင်ရောက်လာ၏။

ထိုသို့ကြံစည်ပြီးကာမှ မိမိ၌ နောက်ဆုံး တစ်စက် ကျန်



www.burmeseclassic.com

www.burmeseclassic.com



နေသော ကိုယ်ပျောက်ဆေးကိုသတိရပြီး ကိုယ်ပျောက်ဆေးသောက်ပြီးမှ ချာလီကိုလူမသိသူမသိ လုပ်ကြံသတ်ဖြတ်ရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် အိမ်သို့ တစ်ခေါက်ပြန်လာပြီး ဦးဒီပဖော်စပ်ခဲ့သော ကိုယ်ပျောက်ဆေး ပုလင်းကို ကြည့်လိုက်ရာ နောက်ဆုံးတစ်စက်သာ ကျန်တော့ကြောင်း တွေ့ရ၏။

မောင်ချစ်မြသည် ကိုယ်ပျောက်ဆေး တစ်စက်ကို သောက်ပြီး မိမိကိုယ် စောင့်ကြည့်နေစဉ် သူ၏ ကိုယ်ခန္ဓာ တဖြည်းဖြည်း ပျောက်ဆုံးသွားကြောင်း တွေ့လိုက်ရ၏။

မောင်ချစ်မြ ကိုယ်ပျောက်သွားသည့် အချိန်ကိုက်မှာပင် အိမ်ထဲသို့ မောင်မင်းမြတ်လေး ဝင်ရောက်လာပြီး

"ဟင်..အဖေ ဘယ်ရောက်နေသလဲမသိဘူး"

ဟုရေရွတ်လေ၏။ မောင်ချစ်မြသည် သားဖြစ်သူ၏





အနီးတွင် ထိုင်ချလိုက်ပြီး

"အဖေတော့ ငါ့သားကို မစွန့်လွှတ်ချင်တာနဲ့ မကောင်းမှု ကျူးလွန်ရတော့မယ်"

ဟု စိတ်ထဲက ပြောပြီး တောအုပ်ချာလီ၏ သစ်လုံးအိမ်သို့ ထွက်ခဲ့လေ၏။

သစ်လုံးအိမ်သို့ ရောက်သောအခါ တောအုပ်ချာလီ အမူးလွန်ပြီး စားပွဲခုံပေါ်တွင် မှောက်လျက်သား အိပ်ပျော်နေ၏။

မောင်ချစ်မြသည် ချာလီ၏အနီးသို့ကပ်သွားပြီး အနီးရှိ ဓားမြှောင်ဖြင့် ချာလီကို ထိုးရန် ပြင်လိုက်၏။ ချာလီကမူ အန္တရာယ်ကို မမြင်ဘဲ အိပ်မောကျနေဆဲ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်ချစ်မြသည် ချာလီကို ဓားနှင့် ထိုးစိုက်ရန် အကြိမ်ကြိမ် ကြံစည်ပြီးကာမှ မထိုးစိုက်ရက်ပဲ ဖြစ်နေလေ၏။

သူသည် ယခင်က ဒုစရိုက်ကျူးလွန်သူများကို အကြိမ်ကြိမ်သတ်ဖြတ်ဝံ့သော်လည်း အပြစ်မဲ့သော ချာလီကို သတ်ဖြတ်ရန် မဝံ့မရဲဖြစ်နေလေ၏။

——— စေတနာတာပေ ———



နောက်ဆုံးတစ်ကြိမ်တွင် အံကို တင်းတင်းကြိတ်ပြီး ထိုးစိုက်ရန် ပြင်သော်လည်း မအောင်မြင်သဖြင့် ဓားကို စားပွဲခုံပေါ် စိုက်ချပြီး ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်၏။

မောင်ချစ်မြသည် သူ၏ ဆုံးဖြတ်ချက် ချပြီးသည်နှင့် စာရွက်တစ်ရွက်ကို ရှာပြီး

*မင်းချစ်သူ ချယ်ရီရဲ့သားလေးကို မွေးစားမယ် ဆိုပြီး ခေါ်လာခဲ့တာ ငါကိုယ်တိုင်ပါပဲ သူငယ်ချင်းရယ်။ တိုက်ဆိုင်လိုက်တာကွာ။ ငါ့သူငယ်ချင်း ဥစ္စာရှင်မှန်လို့ ပြန်တွေ့တယ်လို့မှတ်လိုက်ပါ။ ဒီနေ့ကစပြီး မင်းတို့သားအဖတွေ ပြန်ဆုံကြပြီပေါ့....*

ဟုရေးသားပြီး ထွက်ခဲ့လေ၏။

သူသည် ဒုစရိုက် အမှုကို မကျူးလွန်ခဲ့ဖြင့် ရင်ထဲတွင် လွတ်လပ်ပေါ့ပါးပြီး အိမ်သို့ ပြန်လာခဲ့၏။

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူမောင်မင်းမြတ်အတွက် ဖခင် နစ်ယောက်ရရှိပြီး အမြတ်ထွက်သည်ဟုပင် မှတ်ယူရပေတော့မည်။

မောင်ချစ်မြ အိမ်ပြန်ရောက်သောအခါ မမျှော်လင့်သော မြင်ကွင်းကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။

သားလေးမောင်မင်းမြတ်သည် မိမိ အမဲလိုက်လေ့ရှိသော ပြောင်းရှည်သေနတ်ကို မနိုင်တစ်နိုင်ကိုင်ပြီး ဆော့ကစားနေ၏။

မောင်မင်းမြတ်သည် သေနတ်ပြောင်းကို အိမ်ပေါက်ဝသို့ ချိန်ရွယ်ပြီး ဆော့ကစား နေသဖြင့် မိမိကို တည့်တည့် ချိန်ရွယ်ထားသကဲ့သို့ဖြစ်နေလေ၏။

မောင်ချစ်မြသည် သားဖြစ်သူ သေနတ်ကိုင်ထားသဖြင့် အစိုးရိမ်လွန်ပြီး မိမိကိုယ်ပျောက်နေခြင်းကို မေ့လျော့ကာ





"သား..သေနတ်ကို မဆော့ရဘူး၊ ချထားလိုက် စမ်း"

ဟုအံမိန့်ပေးလိုက်ရာ မောင်မင်းမြတ်လေးသည် ဖခင်ကိုမတွေ့ရဘဲ အသံကိုသာ အနီးကပ်ကြားလိုက်ရသဖြင့် ဆတ်ခနဲတုန်ပြီး သေနတ်မောင်းကို ယောင်ယမ်းပြီး ဖိချလိုက်လေ၏။

ထိုအခါမောင်ချစ်မြသည် သေနတ်တည့်တည့်တွင် ရပ်နေသဖြင့် ရင်ဝသို့ ကျည်ဆန်ထိမှန်ပြီး အနောက်သို့လှန်ကျသွားလေ၏။

သူသည် မြေပေါ်သို့ကျပြီး အသက်မဆုံးမီ မိခင်ကို ဆာဒူးကြီးကျိန်စာ တိုက် သွားသော

*"သင်ဟာ နောက်တစ်နှစ် အတွင်းမှာ ရင်သွေး တစ်ယောက် ရလိမ့်မယ်၊ ဒါပေမဲ့ ရင်သွေးရပြီး ငါးနှစ် ပြည့်တဲ့ အချိန်မှာ သင့်ရဲ့ ယောက်ျား အရေးပိုင် ကိုယ်*



www.burmeseclassic.com

www.burmeseclassic.com



တိုင်သင့်ကို မုန်းတီးရွံရှာပြီး အိမ်ပေါ်က မောင်းချတာ ခံရမယ်၊ သင့်ယောကျ်ား အရေးပိုင်လဲ ရာဇဝတ်မှုခင်း ဖြစ်ပြီး အလုပ်က ပြုတ်ရလိမ့်မယ် သင့်ရဲ့သားဟာ အလွန်အရည်အချင်းနဲ့ပြည့်စုံတဲ့ ယောကျ်ားကောင်း တစ်ယောက် ဖြစ်ပေမဲ့ နောက်ဆုံးမှာ သူ့အချစ်ဆုံးသား က သူ့ကိုပြန်သတ်လိမ့်မယ်၊ ဒါဟာ သူတော်စင်ကိုရိုင်းပြ စော်ကားတဲ့ မိန်းမယုတ်တစ်ယောက်အတွက် အပြစ် ဒဏ်ပဲ"

ဟူသော တုန်လှုပ်ချောက်ချားဖွယ် ကျိန်စာကို နောက် ဆုံးကြားယောင်သွားလေ၏။

အရာအားလုံး ပြီးဆုံးသွားချေပြီ။

ဘာမှမသိသော

မင်းမြတ်သူရ

—————— စေတနာစာပေ ——————

BURMESE CLASSIC .com

www.burmeseclassic.com